# အစုစပ်လုပ်ငန်းဥပဒေ

## (၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်      ။)

## ၁၃၈၀ ခုနှစ်၊      လဆန်း/လပြည့်ကျော်      ရက်

## (၂၀၁၈ ခုနှစ်၊               လ      ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အစုစပ်လုပ်ငန်းဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဝန်ကြီးဌာန** ဆိုသည်မှာ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနကို ဆိုသည်။

(ခ) **ပြည်ထောင်စုဝန်ကြီး** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးကို ဆိုသည်။

(ဂ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ဤဥပဒေအရ အစုစပ်လုပ်ငန်းများ မှတ်ပုံတင်ရေးနှင့် စပ်လျဉ်းသော ကိစ္စအဝဝကိုဆောင်ရွက်ရန် တာဝန်ပေးအပ်ခံရသော ပုဂ္ဂိုလ်ကိုဆိုသည်။

(ဃ) **အစုစပ်လုပ်ငန်း** ဆိုသည်မှာ လူပုဂ္ဂိုလ် အစုအဖွဲ့တစ်ခုတွင် အားလုံးကသော်လည်းကောင်း၊ ယင်းတို့အနက်မှ အချို့ သို့မဟုတ် တစ်ဦးဦးက သော်လည်းကောင်း အားလုံးအတွက် လုပ်ကိုင်ဆောင်ရွက်သည့် လုပ်ငန်းမှရရှိသည့် အမြတ်ငွေများကို ခွဲဝေယူရန် သဘောတူသူတို့ တစ်ဦးနှင့်တစ်ဦး ဆက်ဆံလုပ်ကိုင်ခြင်းကိုဆိုသည်။

(င) **အစုဝင်** ဆိုသည်မှာ အစုစပ်လုပ်ငန်း လုပ်ကိုင်ရာတွင် ပါဝင်သူတစ်ဦးချင်းကိုဆိုသည်။

(စ) **အခြားသူ** ဆိုသည်မှာ အစုစပ်လုပ်ငန်းတွင် ပါဝင်ခြင်း မရှိဘဲ အစုစပ်လုပ်ငန်းနှင့်ဖြစ်စေ၊ အစုဝင်တစ်ဦးဦးနှင့်ဖြစ်စေ အကျိုးဆက်စပ်ပတ်သက်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဆ) **အစုစပ်လုပ်ငန်းအမည်** ဆိုသည်မှာအစုစပ်လုပ်ငန်းကလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကိုယ်စားပြု သတ်မှတ်ပေးထားသော လုပ်ငန်းအမည် ကိုဆိုသည်။

(ဓ) **အစုစပ်လုပ်ငန်း၏ပြုလုပ်မှု** ဆိုသည်မှာ ဤဥပဒေတွင် အကြောင်းအရာ နှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင် အစုစပ် လုပ်ငန်းကဖြစ်စေ၊ အစုစပ်လုပ်ငန်း အပေါ်တွင်ဖြစ်စေ အတည်ပြုနိုင်သော တာဝန်နှင့် အခွင့်အရေးတစ်ရပ် ဖြစ်ပေါ်စေသည့် အစုဝင်အားလုံးက သို့မဟုတ် အစုစပ်လုပ်ငန်း၏ အစုဝင်တစ်ဦးဦးက သို့မဟုတ် ယင်း၏ ကိုယ်စားလှယ် တစ်ဦးဦးက ပြုလုပ်သည့် ပြုလုပ်မှု တစ်ခုခု သို့မဟုတ် ပျက်ကွက်မှု တစ်ခုခုကို ဆိုလိုသည်။

(ဈ) **လုပ်ငန်း** ဆိုရာတွင် အစုစပ်လုပ်ငန်းက ဥပဒေနှင့်အညီ ဆောင်ရွက်သော မည်သည့် လုပ်ငန်းမဆို ဆိုသည်။

၄။ ဤဥပဒေတွင် သီးခြားအဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိသော စကားရပ်များကို ပဋိညာဉ်အက် ဥပဒေ(The Contract Act) ပါအတိုင်း အဓိပ္ပာယ်ကောက်ယူရမည်။

## အခန်း (၂)

## ရည်ရွယ်ချက်

၅။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အစုစပ်လုပ်ငန်း လုပ်ကိုင်သူများအတွက် စနစ်တကျလုပ်ငန်း ဆောင်ရွက်နိုင်မည့် ခေတ်စနစ်နှင့် ကိုက်ညီသော ဥပဒေမူဘောင်တစ်ခုအဖြစ် အထောက်အကူဖြစ်စေရန်၊

( ခ )အသေးစား၊ အလတ်စား လုပ်ငန်းများအား ဥပဒေနှင့်အညီ လွတ်လပ်စွာ ထူထောင် လုပ်ကိုင်ခြင်း ကို အားပေးမြှင့်တင်ရန်၊

( ဂ )အစုစပ်လုပ်ငန်းလုပ်ကိုင်သူများအကြား အငြင်းပွားမှုဖြစ်ပေါ်လာပါက ဥပဒေ နှင့်အညီ မျှတမှန်ကန်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရန်။

## အခန်း (၃)

## အစုစပ်လုပ်ငန်းများ မှတ်ပုံတင်ခြင်း

၆။ လုပ်ငန်းတစ်ခုအား အစုစပ်လုပ်ငန်းအဖြစ် မှတ်ပုံတင်လိုပါက ဤဥပဒေပြဋ္ဌာန်းချက်များ နှင့်အညီ မှတ်ပုံတင်နိုင်သည်။

၇။ အစုစပ်လုပ်ငန်းသည် အစိုးရအဖွဲ့အစည်း တစ်ခုခု၏ ထောက်ခံချက်၊ ပါမစ်၊ လိုင်စင် သို့မဟုတ် အလားတူခွင့်ပြုချက်များ ရယူဆောင်ရွက်ရန် လိုအပ်သောလုပ်ငန်း ဖြစ်ပါက သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

**မှတ်ပုံတင်အရာရှိခန့်အပ်ခြင်း**

၈။ **ပြည်ထောင်စုဝန်ကြီး**သည်

(က) ဤဥပဒေပါ ကိစ္စများအလို့ငှာ အစုစပ်လုပ်ငန်းများ ဆိုင်ရာ မှတ်ပုံတင် အရာရှိအဖြစ် ဦးစီးဌာနမှ အရာရှိတစ်ဦးဦးကိုသော်လည်းကောင်း အခြားအစိုးရအရာရှိ တစ်ဦးဦးကိုသော်လည်းကောင်း တာဝန်ပေးအပ်နိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်နိုင်သည်။

၉။ အစုစပ်လုပ်ငန်းတွင် အစုဝင်ဦးရေ အနည်းဆုံး ၂ ဦးမှ အများဆုံး ၂၀ ဦး အထိပါဝင်နိုင်သည်။

**မှတ်ပုံတင်ရန်တင်ပြခြင်း**

၁၀။(က) အစုစပ်လုပ်ငန်းမှတ်ပုံတင်ခြင်းကိုသတ်မှတ်ထားသည့်ပုံစံ၊ သတ်မှတ်ထားသည့်အခကြေးငွေနှင့်တကွ အောက်ပါအကြောင်းအရာများကို ဖော်ပြလျက် အစုစပ်လုပ်ကိုင်သူ အားလုံးကသော်လည်းကောင်း၊ မှတ်ပုံတင်ရန်ကိစ္စအလို့ငှာ အထူးအာဏာ အပ်နှင်းထားသည့် ယင်းတို့၏ ကိုယ်စားလှယ်များကသော်လည်းကောင်း လက်မှတ်ရေးထိုး၍ အစုစပ်လုပ်ငန်း တည်ရှိသည့် သို့မဟုတ် တည်ရှိရန်ရည်ရွယ်သည့် ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိထံ စာတိုက်မှဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ၊ အီလက်ထရောနစ် နည်းပညာ တစ်မျိုးမျိုးဖြင့်ဖြစ်စေ ပေးပို့နိုင်သည်-

(၁) အစုစပ်လုပ်ငန်းအမည်၊

(၂) အစုစပ်လုပ်ငန်း ဆက်သွယ်ရန်လိပ်စာ သို့မဟုတ် စီးပွားရေးလုပ်ငန်း အဓိကဆောင်ရွက်သည့်နေရာ၊

(၃) အစုစပ်လုပ်ငန်းက အလုပ်ကိစ္စများလုပ်ကိုင်ဆောင်ရွက်သည့် အခြားနေရာများ၏ အမည်များ၊

(၄) အစုဝင်အသီးသီး အစုစပ်လုပ်ငန်းသို့ ပါဝင်သည့် နေ့ရက်၊

(၅) အစုဝင်များ၏ အမည် နှင့် အမြဲတမ်း နေရပ်လိပ်စာများ၊

(၆) အစုစပ်လုပ်ငန်း (သက်တမ်း) ကာလ(ရှိလျှင်)။

(ခ) အဆိုပါဖော်ပြချက်ကို လက်မှတ်ရေးထိုးသူအသီးသီးသည် ထိုဖော်ပြချက်မှန်ကန်ကြောင်းကိုလည်း သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း ဝန်ခံချက် လက်မှတ် ရေးထိုးရမည်။

၁၁။ **ပြည်ထောင်စုဝန်ကြီး** ၏ စာဖြင့်ရေးသားထားသော ကြိုတင်သဘောတူညီချက်ပါရှိသည့် အခါမှအပ အစုစပ်လုပ်ငန်း အမည်တွင် အောက်ပါစကားရပ်များ ပါဝင်သော အမည်ဖြင့် မှတ်ပုံတင်ခြင်း မပြုရ-

"နိုင်ငံတော်အစိုးရ"၊ "နိုင်ငံတော်"၊ "ဗဟိုဘဏ်"၊ "ပြည်ထောင်စုအစိုးရ"၊ "သမ္မတ"၊ "ဝန်ကြီးဌာန" သို့မဟုတ် မြန်မာနိုင်ငံတော်အစိုးရက အခွင့်အမိန့် ပေးကြောင်းကိုသော်လည်းကောင်း၊သဘောတူကြောင်းကိုသော်လည်းကောင်း၊ချီးမြှောက်ကြောင်းကိုသော်လည်း ကောင်း ဖော်ပြသည့် စကားလုံးများ သို့မဟုတ် ထိုသို့အခွင့်အမိန့်ပေးခြင်း၊ သဘောတူခြင်း၊ ချီးမြှင့်ခြင်း သဘောသက်ရောက်သည့် စကားလုံးများ၊ အခြားဥပဒေ တစ်ရပ်ရပ်အရ တားမြစ်ထားသော စကားလုံးများ။

၁၂။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၀ ပါပြဋ္ဌာန်းချက်များကို နည်းလမ်းတကျလိုက်နာပြီးကြောင်း ကျေနပ်သည့်အခါ အဆိုပါဖော်ပြချက်နှင့်စပ်လျဉ်းသည့် ရေးသွင်းချက်ကို အစုစပ်လုပ်ငန်းများ မှတ်ပုံတင်စာရင်းဟု ခေါ်သော မှတ်ပုံတင်စာရင်းတွင် ရေးမှတ်ရမည့်အပြင် အဆိုပါဖော်ပြချက်ကို ထိန်းသိမ်းထားရမည်။

**အစုစပ်လုပ်ငန်းအမည်နှင့် လုပ်ငန်းနေရာပြောင်းလဲခြင်း**

၁၃။(က) မှတ်ပုံတင်အစုစပ်လုပ်ငန်း၏အမည်တွင်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းအဓိက ဆောင်ရွက်သည့် တည်နေရာတွင်ဖြစ်စေ အပြောင်းအလဲတစ်ခုခုပြုလုပ်လျှင် ထိုအပြောင်းအလဲကို သီးခြား ဖော်ပြလျက် ပုဒ်မ ၁၀ အရ လိုအပ်သည့်နည်းလမ်းအတိုင်း လက်မှတ် ရေးထိုးထားသည့်အပြင် မှန်ကန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးပြီးသော ဖော်ပြချက်တစ်စောင်ကို သတ်မှတ်ထားသည့် အခကြေးငွေနှင့်အတူ အစုစပ်လုပ်ကိုင်သူအားလုံးကဖြစ်စေ၊ မှတ်ပုံတင်ရန်ကိစ္စအလို့ငှာ အထူးအာဏာအပ်နှင်းထားသည့် ယင်းတို့၏ကိုယ်စားလှယ်များကဖြစ်စေ- မှတ်ပုံတင်အရာရှိထံ ပေးပို့နိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်များကိုနည်းလမ်းတကျ လိုက်နာပြီးကြောင်း ကျေနပ်သည့်အခါ အစုစပ်လုပ်ငန်းများမှတ်ပုံတင်စာရင်းတွင် ယင်းအစုစပ်လုပ်ငန်း နှင့် စပ်လျဉ်းသည့် ရေးသွင်းချက်ကို အဆိုပါဖော်ပြချက်နှင့် လျော်ညီစွာ ပြင်ဆင်ရမည့်အပြင် အဆိုပါဖော်ပြချက်ကိုလည်း ပုဒ်မ ၁၂ အရ ထိန်းသိမ်းထားသည့် ယင်းအစုစပ်လုပ်ငန်းနှင့်စပ်လျဉ်းသော ဖော်ပြချက်နှင့်အတူ ထိန်းသိမ်းထားရမည်။

၁၄။ မှတ်ပုံတင်အစုစပ်လုပ်ငန်းတစ်ခုခုသည် ယင်း၏ စီးပွားရေးလုပ်ငန်းအဓိက ဆောင်ရွက်သည့် မဟုတ်သည့်နေရာတစ်ခုခု၌ လုပ်ငန်းရပ်စဲလျှင်ဖြစ်စေ၊ လုပ်ငန်းစတင်ဆောင်ရွက်လျှင်ဖြစ်စေ အစုစပ်

လုပ်ငန်းမှ အစုဝင် သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးဦးသည် ထိုအကြောင်းကို မှတ်ပုံတင် အရာရှိထံ အကြောင်းကြားနိုင်သည်။ မှတ်ပုံတင်အရာရှိသည် အဆိုပါအစုစပ်လုပ်ငန်း မှတ်ပုံတင်စာရင်းတွင် ယင်းအစုစပ် လုပ်ငန်း စပ်လျဉ်းသည့် ရေးသွင်းချက်၌ မှတ်သားထားရမည့်အပြင် ပုဒ်မ ၁၂ အရ ထိန်းသိမ်းထားသည့် အဆိုပါ အစုစပ်လုပ်ငန်းနှင့် စပ်လျဉ်းသော ဖော်ပြချက်နှင့်အတူ ထိန်းသိမ်း ထားရမည်။

**အစုဝင်များ၏ အမည်နှင့်လိပ်စာပြောင်းလဲခြင်း**

၁၅။ မှတ်ပုံတင်အစုစပ်လုပ်ငန်းမှ အစုဝင်တစ်ဦးဦးသည်ယင်း၏ အမည်ကိုဖြစ်စေ၊ အမြဲတမ်း နေရပ်လိပ်စာကိုဖြစ်စေ ပြောင်းလဲသည့်အခါ ထိုသို့ပြောင်းလဲကြောင်းစာကို အစုဝင်တစ်ဦးဦးသို့မဟုတ် အစုစပ်လုပ်ငန်း၏ ကိုယ်စားလှယ်တစ်ဦးဦးက မှတ်ပုံတင်အရာရှိထံပေးပို့နိုင်သည်။ ယင်းမှတ်ပုံတင် အရာရှိသည် ထိုစာကို ပုဒ်မ ၁၄ တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း စီမံဆောင်ရွက်ရမည်။

**အစုစပ်လုပ်ငန်း ပြောင်းလဲခြင်း၊ ဖျက်သိမ်းခြင်း နှင့် အရွယ်မရောက်သေးသူ နုတ်ထွက်ခြင်း**

၁၆။(က) မှတ်ပုံတင် အစုစပ်လုပ်ငန်း၏ ဖွဲ့စည်းပုံတွင် ပြောင်းလဲချက်ရှိလျှင် အသစ်ဝင်လာသည့် သို့မဟုတ် ဆက်လက်ရှိနေသည့် သို့မဟုတ် နုတ်ထွက်သွားသည့် အစုဝင်တစ်ဦးဦး နှင့် မှတ်ပုံတင်ထားသည့် အစုစပ်လုပ်ငန်းကို ဖျက်သိမ်းသည့်အခါ ယင်းသို့ဖျက်သိမ်းမည့် ဆဲဆဲတွင် အစုဝင်တစ်ဦးဖြစ်သူ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ် သို့မဟုတ် ဤကိစ္စ အလို့ငှာ အထူးအားဖြင့် အာဏာအပ်နှင်း ထားခြင်းခံရသူတစ်ဦးဦးသည် အဆိုပါပြောင်း လဲခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းအား ပြောင်းလဲဖျက်သိမ်းသည့်နေ့ရက်ကို သီးခြား ဖော်ပြလျက် မှတ်ပုံတင်အရာရှိထံ အကြောင်းကြားစာဖြင့် အကြောင်းကြားရသည်။ မှတ်ပုံတင် အရာရှိသည် ထိုသို့အကြောင်းကြားကြောင်း အစုစပ်လုပ်ငန်း မှတ်ပုံတင်စာရင်းတွင် အဆိုပါအစုစပ်လုပ်ငန်းနှင့် သက်ဆိုင်သည့်ရေးသွင်းချက်၌ မှတ်သားထားရမည်။ ယင်း အကြောင်းကြားစာကိုလည်း ပုဒ်မ ၁၂ အရ ထိန်းသိမ်းထားသည့် အစုစပ်လုပ်ငန်းနှင့် သက်ဆိုင်သော ဖော်ပြချက်နှင့်အတူ ထိန်းသိမ်းထားရမည်။

(ခ) အစုစပ်လုပ်ငန်းတွင် အစုစပ်လုပ်ကိုင်ခြင်းမှအကျိုးခံစားခွင့်များကို ခံစားခွင့်ရသော အရွယ် မရောက်သေးသူတစ်ဦးသည် အရွယ်ရောက်လာ၍ အစုဝင်တစ်ဦး ဖြစ်လာရန် သို့မဟုတ် မဖြစ်ရန် ရွေးချယ်သည့်အခါနှင့် အစုစပ်လုပ်ငန်းသည် မှတ်ပုံတင်အစုစပ် လုပ်ငန်း ဖြစ်သည့်အခါ ထိုသူ သို့မဟုတ် ထိုသူ၏ ဤကိစ္စအလို့ငှာ အထူးအားဖြင့် အာဏာ အပ်နှင်းခြင်းခံရသူ ကိုယ်စားလှယ်က အစုဝင်တစ်ဦးဖြစ်လာခဲ့ကြောင်း သို့မဟုတ် မဖြစ်ခဲ့ ကြောင်းကို မှတ်ပုံတင်အရာရှိထံ အကြောင်းကြားစာဖြင့် အကြောင်းကြားနိုင်သည်။

မှတ်ပုံတင်အရာရှိသည် အကြောင်းကြားစာကို ပုဒ်မခွဲ (က) တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း ပြုလုပ်ဆောင်ရွက်ရမည်။

**အမှားအယွင်းပြင်ဆင်ခြင်း**

၁၇။(က)မှတ်ပုံတင်အရာရှိသည် ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ ထိန်းသိမ်းထားသည့် အစုစပ်လုပ်ငန်းနှင့်စပ်လျဉ်းသည့် အစုစပ်လုပ်ငန်း မှတ်ပုံတင်စာရင်းပါ ရေးသွင်းချက်ကို ယင်းအစုစပ်လုပ်ငန်းနှင့် သက်ဆိုင်သည့် စာရွက်စာတမ်း အထောက်အထားများနှင့်အညီ ဖြစ်စေရန် မည်သည့် အမှားအယွင်းကိုမဆို အချိန်မရွေးပြင်ဆင်ရန်အာဏာရှိသည်။

(ခ) ဤအခန်းအရ ထိန်းသိမ်းထားသည့် အစုစပ်လုပ်ငန်း နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းတစ်ခုခုကို လက်မှတ်ရေးထိုးသူအားလုံးက ပြင်ဆင်ရန် လျှောက်ထားသည့်အခါ မှတ်ပုံတင်အရာရှိသည် ယင်းစာချုပ်တွင်ဖြစ်စေ၊ အစုစပ်လုပ်ငန်း မှတ်ပုံတင်စာရင်းတွင် ရေးသားထားသည့် အကြောင်းအရာ သို့မဟုတ် မှတ်သားချက်တွင်ဖြစ်စေ မည်သည့် အမှားအယွင်းကိုမဆို ပြင်ဆင်နိုင်သည်။

**တရားရုံး၏ အမိန့်အရ မှတ်ပုံတင် စာရင်းပြင်ဆင်ခြင်း၊စာချုပ်စာတမ်းများ ကြည့်ရှုခြင်း၊ မိတ္တူများ ထုတ်ပေးခြင်း**

၁၈။ မှတ်ပုံတင်အစုစပ်လုပ်ငန်းနှင့်စပ်လျဉ်းသည့် အကြောင်းကိစ္စတစ်ခုခုကို စီရင်ဆုံးဖြတ်သည့် တရားရုံးသည် ယင်းစီရင်ဆုံးဖြတ်ချက်၏ အကျိုးဆက်ကြောင့် ဖြစ်ပေါ်လာသည့် ပြင်ဆင်ချက်တစ်ခုခုကို အဆိုပါ အစုစပ်လုပ်ငန်းနှင့်စပ်လျဉ်းသည့် အစုစပ်လုပ်ငန်း မှတ်ပုံတင်စာရင်းတွင် ရေးသွင်းချက်၌ ပြုလုပ်ရမည်ဟု မှတ်ပုံတင်အရာရှိကို ညွှန်ကြားနိုင်သည်။ မှတ်ပုံတင်အရာရှိသည် ညွှန်ကြားသည့် အတိုင်း ရေးသွင်းချက်ကို ပြင်ဆင်ရမည်။

၁၉။ မှတ်ပုံတင်အရာရှိသည်-

(က) အစုစပ်လုပ်ငန်း မှတ်ပုံတင်စာရင်းကို သတ်မှတ်ထားသည့် အခကြေးငွေပေးလျှင် မည်သူကို မဆို ကြည့်ရှုစစ်ဆေးလိုက ကြည့်ရှုစစ်ဆေးခွင့်ပြုရမည်။

(ခ) ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ ထိန်းသိမ်းထားသည့် ဖော်ပြချက် အကြောင်းကြားစာနှင့် ကြိုတင်အသိပေးစာ အားလုံးကို သတ်မှတ်ထားသည့် အခကြေးငွေပေးလျှင် ကြည့်ရှုစစ်ဆေးလိုက ကြည့်ရှု စစ်ဆေးခွင့်ပြုရမည်။

၂၀။ မှတ်ပုံတင်အရာရှိသည် လျှောက်ထားသူ တစ်ဦးဦးအား သတ်မှတ်ထားသည့် အခကြေးငွေပေးဆောင်သည့်အခါ မှတ်ပုံတင်စာရင်းတွင် အစုစပ်လုပ်ငန်းနှင့် စပ်လျဉ်းသည့် ရေးသွင်းချက်

တစ်ခုခု သို့မဟုတ် ယင်းအစိတ်အပိုင်း မိတ္တူမှန်ကြောင်း ကိုယ်တိုင်သက်သေခံ လက်မှတ်ရေးထိုး၍ ပေးအပ်ရမည်။

**သက်သေခံနည်းလမ်းများ**

၂၁။(က)အစုစပ်လုပ်ငန်း မှတ်ပုံတင်စာရင်းတွင် မှတ်သားထားသည့် ဖော်ပြချက် သို့မဟုတ် အသိပေးစာ သို့မဟုတ် အကြောင်းကြားစာ တစ်ခုခုသည် အဆိုပါဖော်ပြချက် သို့မဟုတ် အသိပေးစာ သို့မဟုတ် အကြောင်းကြားစာတစ်ခုခုကို လက်မှတ်ရေးထိုးသူ အပေါ်တွင် ဖြစ်စေ၊ကိုယ်စားရေးထိုးခြင်းဖြစ်က ယင်း၏ကိုယ်စား လက်မှတ်ရေးထိုးခြင်း ခံရသူ အပေါ်တွင်ဖြစ်စေ အဆိုပါဖော်ပြချက် သို့မဟုတ် အသိပေးစာ သို့မဟုတ် အကြောင်းကြား စာတွင် ဖော်ပြသည့် အကြောင်းအရာတစ်ခုခု၏ အပြီးအပြတ် သက်သေခံဖြစ်စေရမည်။

(ခ) အစုစပ်လုပ်ငန်းမှတ်ပုံတင်စာရင်းတွင် အစုစပ်လုပ်ငန်းနှင့်စပ်လျဉ်းသည့် ရေးသွင်းချက် မှန်ကန်ကြောင်း သက်သေခံ လက်မှတ်ရေးထိုးသည့်မိတ္တူကို ယင်းအစုစပ် လုပ်ငန်းမှတ်ပုံတင်ထားခြင်းနှင့် မှတ်ပုံတင်စာရင်းတွင် မှတ်သားထားသည့် ဖော်ပြချက် သို့မဟုတ် အသိပေးစာ သို့မဟုတ် အကြောင်းကြားစာပါ အကြောင်းအရာများ နှင့် သက်ဆိုင်သည့် သက်သေခံအဖြစ် တင်ပြနိုင်သည်။

**မှတ်ပုံမတင်ခြင်းအတွက်အကျိုးသက်ရောက်ခြင်း**

၂၂။(က) အစုစပ်လုပ်ငန်းအား မှတ်ပုံတင်ထားပြီး တရားစွဲဆိုသောသူမှာ အဆိုပါအစုစပ်လုပ်ငန်းတွင် အစုဝင်တစ်ဦးဖြစ်ကြောင်း သို့မဟုတ် ဖြစ်ခဲ့ကြောင်း အစုစပ်လုပ်ငန်း မှတ်ပုံတင်စာရင်းတွင် ဖော်ပြထားခြင်း မရှိလျှင် မည်သူမျှ အစုစပ်လုပ်ငန်းတွင် အစုဝင် အဖြစ် ဖြစ်စေ၊ ယင်း၏ ကိုယ်စားဖြစ်စေ ပဋိညာဉ်တစ်ရပ်မှ ပေါ်ပေါက်လာသော သို့မဟုတ် ဤဥပဒေအရ ပေးအပ်သော အခွင့်အရေး တစ်စုံတစ်ရာကို ရရှိနိုင်ရန်အစုစပ်လုပ်ငန်းကိုသော်လည်းကောင်း အစုစပ်လုပ်ငန်းတွင် အစုဝင်ဖြစ်ကြောင်း သို့မဟုတ် ဖြစ်ခဲ့ကြောင်း အဆိုရှိသူ တစ်ဦးအပေါ်ကိုသော်လည်းကောင်းတရားမမှုဖြင့် မည်သည့် တရားရုံးတွင်မျှ တရားစွဲဆို တောင်းခံပိုင်ခွင့် မရှိစေရ၊

(ခ) အစုစပ်လုပ်ငန်းအား မှတ်ပုံတင်ထားပြီး တရားစွဲဆိုသောသူမှာ အဆိုပါ အစုစပ်လုပ်ငန်းတွင် အစုဝင် တစ်ဦးဖြစ်ကြောင်း သို့မဟုတ် ဖြစ်ခဲ့ကြောင်း အစုစပ်လုပ်ငန်း မှတ်ပုံတင်စာရင်းတွင် ဖော်ပြထားခြင်း မရှိလျှင် အစုစပ်လုပ်ငန်းက ဖြစ်စေ၊ ယင်း၏ ကိုယ်စား ဖြစ်စေ၊ ပဋိညာဉ် တစ်ခု ဖြစ်ပေါ်လာသည့် အခွင့်အရေး တစ်စုံတစ်ရာ အတည်ပြုရန် အခြားသူ အပေါ်၌ တရားမမှုဖြင့် မည်သည့် တရားရုံးတွင်မျှ တရားစွဲဆို တောင်းခံပိုင်ခွင့် မရှိစေရ။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) ပါ ပြဋ္ဌာန်းချက်များသည် ခုနှိမ်ရန် တောင်းဆိုချက် သို့မဟုတ် ပဋိညာဉ်မှ ဖြစ်ပေါ်လာသည့် အခွင့်အရေးတစ်စုံတစ်ရာကို အတည်ပြုရန် ဖြစ်သည့် အခြားအမှုအခင်းများနှင့်လည်း သက်ဆိုင်စေရမည်။ သို့ရာတွင်-

(၁) အစုစပ်လုပ်ငန်း ဖျက်သိမ်းခြင်းအတွက် သို့မဟုတ် ဖျက်သိမ်းပြီး အစုစပ်လုပ်ငန်း စာရင်းများ ပေးရန်အတွက် တရားစွဲဆိုပိုင်ခွင့်ကို သော်လည်းကောင်း၊ ဖျက်သိမ်းပြီး အစုစပ်လုပ်ငန်း၏ ပစ္စည်းများရယူရန် အခွင့်အရေး သို့မဟုတ် အာဏာကိုလည်းကောင်း အတည်ပြုခြင်း၊ သို့မဟုတ်

(၂) ရန်ကုန်မြို့တော် လူမွဲအဖြစ်ခံယူမှုအက်ဥပဒေ သို့မဟုတ် မြန်မာနိုင်ငံလူမွဲအဖြစ် ခံယူမှု အက်ဥပဒေ သို့မဟုတ် ယင်းဥပဒေများကို ဆက်ခံမည့်ဥပဒေများအရ လူမွဲအဖြစ် ခံယူသည့် အစုဝင်၏ပစ္စည်းများ ရယူရန် ပစ္စည်းထိန်းဝန်၊ ပစ္စည်းထိန်း သို့မဟုတ် တရားရုံး၏အာဏာများကို မထိခိုက်စေရ။

၂၃။ **ပြည်ထောင်စုဝန်ကြီး** သည် အစုစပ်လုပ်ငန်းဆိုင်ရာ မှတ်ပုံတင်အရာရှိထံ ပေးပို့သည့် စာချုပ်စာတမ်းများနှင့်အတူ ပါရှိရမည့် သို့မဟုတ် အစုစပ်လုပ်ငန်းဆိုင်ရာ မှတ်ပုံတင် အရာရှိ ထိန်းသိမ်းထားသည့် စာချုပ်စာတမ်းများကို ကြည့်ရှု စစ်ဆေးရန်အတွက် ပေးရမည့် သို့မဟုတ် အစုစပ်လုပ်ငန်း မှတ်ပုံတင်စာရင်းမှ မိတ္တူများအတွက်ပေးရမည့် အခကြေး ငွေများကို သတ်မှတ် ထုတ်ပြန်နိုင်သည်။

## အခန်း (၄)
## အစုစပ်လုပ်ငန်းသဘာဝနှင့် ဆုံးဖြတ်ရန်နည်းလမ်း

၂၄။ အစုစပ်လုပ်ငန်း လုပ်ကိုင်ခြင်းသည် အခြေအနေ တစ်ရပ်ရပ်အရ ပေါ်ပေါက်လာခြင်း မဟုတ်ဘဲ ပဋိညာဉ်အရ ပေါ်ပေါက်လာခြင်းဖြစ်သည်။

၂၅။ လူတစ်စုလုပ်သောလုပ်ငန်းသည် အစုစပ်လုပ်ငန်း ဟုတ်မဟုတ် သော်လည်းကောင်း၊ တစ်ဦး တစ်ယောက်သောသူသည် အစုစပ်လုပ်ငန်းတွင် အစုဝင် ဟုတ်မဟုတ် သော်လည်းကောင်း ဆုံးဖြတ် ရာတွင်ပေါ်ပေါက်နေသော သက်ဆိုင်ရာ အချက်အလက်အားလုံးကို စုပေါင်းဆင်ခြင် သုံးသပ်ပြီး နောက် တစ်ဦးနှင့်တစ်ဦး အမှန်တကယ်ဆက်ဆံ လုပ်ကိုင်မှုအပေါ် အထောက်အထား ပြုရမည်။

**ရှင်းလင်းချက် ၁။** ပစ္စည်းတွင်တွဲဖက်၍ သို့မဟုတ် စုပေါင်း၍ အကျိုးသက်ဆိုင်ခွင့် ရှိသူများက ယင်းပစ္စည်းမှရရှိသည့်အမြတ်ငွေများကိုဖြစ်စေ၊ စုစုပေါင်းတိုးပွားသောငွေကိုဖြစ်စေ ခွဲဝေရယူခွင့်ရှိခြင်း သည် အစုဝင်ဖြစ်စေခြင်း မဟုတ်။

**ရှင်းလင်းချက် ၂။** တစ်ဦးဦးသည် လုပ်ငန်းတစ်ခုခုမှရရှိသည့် အမြတ်အစွန်းများအနက် ဝေစု တစ်စု သို့မဟုတ် အမြတ်အနည်းအများကိုလိုက်၍ အမြတ်ငွေ တစ်စုရရှိခြင်းသည် အစုဝင် ဖြစ်စေခြင်း မဟုတ်၊ ထို့ပြင် ယင်းဝေစု သို့မဟုတ် ငွေကိုအောက်ပါ နည်းလမ်းတစ်ရပ်ရပ်ဖြင့် ရရှိခြင်းသည် အစုဝင် ဖြစ်စေခြင်း မဟုတ် -

(က) လုပ်ငန်းတစ်ခုခုတွင် ဆောင်ရွက်လျက်ရှိသူ သို့မဟုတ် လုပ်ကိုင်မည့်ဆဲဆဲရှိသူအား ငွေချေးသူတစ်ဦးဦးကဖြစ်စေ၊

(ခ) အခကြေးငွေဖြင့် လုပ်ကိုင်သူ သို့မဟုတ် ကိုယ်စားလှယ် တစ်ဦးဦးက ဖြစ်စေ၊

(ဂ) ကွယ်လွန်သူအစုဝင်၏ ဇနီး သို့မဟုတ် သားသမီးက နှစ်စဉ်ကြေးအဖြစ်ဖြင့်ဖြစ်စေ၊

(ဃ) အစုစပ်လုပ်ငန်း နာမည်ကောင်း သို့မဟုတ် လုပ်ငန်း၏ဝေစုကို ရောင်းချခြင်း အတွက် တန်ဖိုးတစ်ရပ်ရပ်ဖြင့် အဆိုပါလုပ်ငန်းကို ယခင်ကအပြည့်အဝ သို့မဟုတ် တချို့တစ်ဝက် ပိုင်ဆိုင်သူက ဖြစ်စေ၊

၂၆။(က) အစုစပ်လုပ်ငန်း လုပ်ကိုင်ရာတွင် လုပ်ငန်းလုပ်ကိုင်မည့်ကာလ အပိုင်းအခြား သတ်မှတ်၍သော်လည်းကောင်း၊ လုပ်ငန်းရပ်စဲမည့် စည်းကမ်းချက်များချမှတ်၍ သော်လည်းကောင်း တည်ထောင်လုပ်ကိုင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရမဟုတ်ပဲ အစုဝင်တို့ အလိုရှိသမျှသာ တည်ထောင်သော အစုစပ်လုပ်ငန်းကိုလည်း ဆောင်ရွက်နိုင်သည်။

၂၇။ တစ်ဦးတစ်ယောက်သောသူသည် အထူးစွန့်စားလုပ်ကိုင်မှု သို့မဟုတ် လုပ်ငန်းကို အခြားသူ တစ်ဦးဦးနှင့်အတူ အစုစပ်လုပ်ငန်း လုပ်ကိုင်နိုင်သည်။

## အခန်း (၅)

## အစုဝင်များ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ဝတ္တရားများ

၂၈။ အစုဝင်များသည် အစုစပ်လုပ်ငန်း၏ အကျိုးအများဆုံး ဖြစ်ထွန်းနိုင်စေရန် ဆောင်ရွက်၍ တစ်ဦးနှင့်တစ်ဦး ဖြောင့်မတ်တည်ကြည်စွာ ဆက်ဆံရမည့်အပြင် မှန်ကန်သော စာရင်းများနှင့် အစုစပ်လုပ်ငန်းနှင့်စပ်လျဉ်းသော သတင်းအကြောင်းအရာ အပြည့်အစုံကို အစုဝင်များကိုသော်လည်းကောင်း၊ ယင်းတို့၏တရားဝင်ကိုယ်စားလှယ်များကိုသော်လည်းကောင်း အသိပေးရန် တာဝန်ရှိသည်။

**လိမ်လည်ခြင်းကြောင့်ဆုံးရှုံးနစ်နာမှုအတွက် လျော်ကြေးပေးရန်တာဝန်**

၂၉။ အစုဝင်တိုင်းသည် အစုစပ်လုပ်ငန်း၏အလုပ်ကိစ္စကို ဆောင်ရွက်ရာတွင် ယင်း၏ လိမ်လည်မှုကြောင့်ဆုံးရှုံးနစ်နာခြင်းရှိခဲ့လျှင် အဆိုပါဆုံးရှုံးနစ်နာခြင်းအတွက် အစုစပ်လုပ်ငန်းကို လျော်ကြေးပေးရမည်။

**အစုဝင်များ၏ လုပ်ပိုင်ခွင့်**

၃၀။ အစုဝင်များ အချင်းချင်းထားရှိသော ပဋိညာဉ်ကို အထောက်အထားပြု၍ -

(က) အစုဝင်တိုင်းသည် လုပ်ငန်းဆောင်ရွက်ရာတွင် ပါဝင်လုပ်ကိုင် ဆောင်ရွက်ခွင့် ရှိသည်။

(ခ ) အစုဝင်တိုင်းသည် လုပ်ငန်းဆောင်ရွက်ရာတွင် ယင်း၏တာဝန်များကို လုံ့လ ထား၍ ဆောင်ရွက်ရန် တာဝန်ရှိသည်။

(ဂ) လုပ်ငန်းနှင့်သက်ဆိုင်သည့် သာမန်ကိစ္စများနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်လာသည့် သဘောကွဲလွဲချက်ကိုအစုဝင်အများစု၏သဘောဆန္ဒဖြင့် ဆုံးဖြတ်နိုင်သည်။ အစုဝင်တိုင်းသည် ယင်းကိစ္စကို မဆုံးဖြတ်မီ မိမိ၏ထင်မြင်ချက်ကို ထုတ်ဖော်ပြောဆိုခွင့် ရှိစေရမည်။ သို့ရာတွင် အစုဝင်အားလုံး၏ သဘောတူညီချက်မရှိဘဲ လုပ်ငန်းအမျိုးအစား ပြောင်းလဲခွင့် မရှိစေရ။

(ဃ) အစုဝင်တိုင်းသည် အစုစပ်လုပ်ငန်းနှင့်စပ်လျဉ်းသည့် မည်သည့်စာရွက်စာတမ်းကိုမဆို ကြည့်ရှုစစ်ဆေးခြင်း၊ မိတ္တူကူးယူခြင်း ပြုလုပ်ခွင့်ရှိသည်။

**အစုဝင်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်း**

၃၁။(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ အစုဝင်အချင်းချင်း ရသင့်ရထိုက်သည့် အခွင့်အရေးများနှင့် ပြုလုပ်ရမည့် တာဝန်များကို အစုဝင်အချင်းချင်းချုပ်ဆိုသည့်ပဋိညာဉ်ဖြင့် သတ်မှတ်နိုင်သည့်အပြင် အဆိုပါပဋိညာဉ်တွင် အတိအလင်းဖြစ်စေ၊ လုပ်ဆောင်မှု နည်းလမ်းတစ်ရပ်ရပ်အရ ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ ပြုနိုင်သည်။ အဆိုပါ ပဋိညာဉ်ကို အစုဝင်အားလုံး၏ သဘောတူညီချက်ဖြင့် ပြောင်းလဲပြင်ဆင်နိုင်သည့်အပြင် ယင်း သဘောတူညီချက်မှာ အတိအလင်း ဖြစ်စေ၊ လုပ်ဆောင်မှုနည်းလမ်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ ပြုလုပ်နိုင်သည်။

(ခ) ပဋိညာဉ်အက်ဥပဒေ ပုဒ်မ ၂၇ တွင် မည်သို့ပင်ဆိုစေကာမူ အစုဝင်တစ်ဦးဦးကို အစုစပ်လုပ်ကိုင်ဆောင်ရွက်နေစဉ်အတွင်း အစုစပ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်းမှ အပ အခြားလုပ်ငန်း တစ်ခုခုလုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရဟု အဆိုပါ ပဋိညာဉ်များတွင် သတ်မှတ်နိုင်သည်။

**အစုဝင်များ၏ အကျိုးခံစားခွင့်**

၃၂။ အစုဝင်အချင်းချင်း ထားရှိသည့်ပဋိညာဉ်ကိုအထောက်အထားပြု၍ -

(က) အစုဝင်တစ်ဦးသည်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရာတွင် ပါဝင်လုပ်ကိုင် ဆောင်ရွက်သည့် အတွက် အခကြေးငွေကို ရထိုက်ခွင့်မရှိစေရ။

(ခ) အစုဝင်များသည် အစုစပ်လုပ်ငန်းမှရရှိသည့် အမြတ်အစွန်းများကို ညီတူညီမျှ ခွဲဝေရထိုက်ခွင့် ရှိရမည့်အပြင် အစုစပ်လုပ်ငန်း၏ ဆုံးရှုံးနစ်နာခြင်းများကိုလည်း ညီတူညီမျှကျခံရမည်။

(ဂ) အစုဝင်တစ်ဦးက ပေးသွင်းထားသည့် မတည်ငွေရင်းအပေါ်တွင် အတိုးရထိုက် ခွင့်ရှိလျှင် ယင်းအတိုးကို အမြတ်များ ခွဲဝေခြင်း မပြုမီပေးရမည်။

(ဃ) အစုဝင်တစ်ဦးက လုပ်ငန်းကိစ္စများအတွက် ပေးသွင်းရန် သဘောတူသည့် မတည် ငွေရင်းထက်ပို၍ ငွေတစ်စုံတစ်ရာ သို့မဟုတ် ကြိုတင်ပေးငွေ တစ်စုံတစ်ရာကို ထုတ်ပေးလျှင် အဆိုပါ ငွေအပေါ်တွင် တစ်နှစ်လျှင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် သတ်မှတ်ဘဏ်တိုးနှုန်းနှင့်အညီရထိုက်ခွင့်ရှိသည်။

(င ) အစုစပ်လုပ်ငန်းသည် အစုဝင်တစ်ဦးက-

(၁) လုပ်ငန်းလုပ်ကိုင်မြဲအတိုင်း နည်းလမ်းတကျ လုပ်ကိုင်ဆောင်ရွက်ရာတွင် လည်းကောင်း၊

(၂) အရေးပေါ်ဖြစ်ပေါ်သည့်အခါ၌ အစုစပ်လုပ်ငန်း ဆုံးရှုံးနစ်နာခြင်းမှ ကာကွယ်ရန် အလို့ငှာ သာမန် အသိဉာဏ်ရှိသူ တစ်ဦးဦးကအလားတူ အခြေအနေမျိုးကို ကိုယ်တိုင်ကြုံတွေ့လျှင် လုပ်ကိုင်ဆောင်ရွက် သကဲ့သို့လည်းကောင်း၊ ပေးရသည့် ငွေများနှင့်ခံယူရသည့် တာဝန်များအတွက် ယင်းအား လျော်ကြေးပေးရမည်။

(စ) အစုဝင်တစ်ဦးသည် အစုစပ်လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ရာတွင် ယင်း၏တမင် ပေါ့လျော့ခြင်းကြောင့် ဖြစ်ပေါ်စေသည့် အစုစပ်လုပ်ငန်း၏ဆုံးရှုံးနစ်နာခြင်း အတွက် အစုစပ်လုပ်ငန်းကို လျော်ကြေးပေးရမည်။

**အစုစပ်လုပ်ငန်းပိုင်ပစ္စည်း**

၃၃။ အစုဝင်အချင်းချင်းထားရှိသည့် ပဋိညာဉ်ကို အထောက်အထားပြု၍ အစုစပ်လုပ်ငန်းပိုင် ပစ္စည်း ဆိုရာတွင် အစုစပ်လုပ်ငန်းပိုင် ပစ္စည်းအဖြစ် မူလယူဆောင်လာသည့်ပစ္စည်း သို့မဟုတ် ဝယ်ယူခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ အစုစပ်လုပ်ငန်းက သော်လည်းကောင်း၊ ယင်းလုပ်ငန်း အတွက် သော်လည်းကောင်း၊ ယင်းလုပ်ငန်း ကိစ္စအတွက် လုပ်ငန်းဆောင်ရွက်ရာတွင်သော်

လည်းကောင်း ရရှိသည့်ပစ္စည်းအားလုံးနှင့် ယင်းနှင့်စပ်လျဉ်းသည့် အခွင့်အရေးများ၊ အကျိုး သက်ဆိုင်ခွင့်များနှင့် အစုစပ်လုပ်ငန်း၏ နာမည်ကောင်းတို့ ပါဝင်သည်။ ဆန့်ကျင်ကွဲလွဲသည့် ရည်ရွယ်ချက် မပေါ်ပေါက်လျှင် အစုစပ်လုပ်ငန်းပိုင်ငွေဖြင့် ရရှိသည့်ပစ္စည်းများ၊ ယင်းနှင့်စပ်လျဉ်း သည့် အခွင့်အရေးများနှင့် အကျိုးသက်ဆိုင်ခွင့်များသည် အစုစပ်လုပ်ငန်းအတွက် ရရှိသည်ဟု မှတ်ယူရမည်။

**အစုစပ်လုပ်ငန်းပိုင်ပစ္စည်းကိုအသုံးပြုခြင်း**

၃၄။ အစုဝင်အချင်းချင်းထားရှိသည့်ပဋိညာဉ်ကို အထောက်အထားပြု၍ အစုစပ်လုပ်ငန်းပိုင်ပစ္စည်း ကို လုပ်ငန်းဆောင်ရွက်ရန်အတွက်သာ အစုဝင်တို့က လက်ဝယ်ထားခြင်း၊ သုံးစွဲခြင်း ပြုရမည်။

**အစုစပ်လုပ်ကိုင်သူတို့ကိုယ်တိုင် လုပ်ကိုင်ရရှိသည့် အမြတ်အစွန်းများ**

၃၅။ အစုဝင်အချင်းချင်းထားရှိသည့် ပဋိညာဉ်ကိုအထောက်အထားပြု၍-

(က)အစုဝင်တစ်ဦးသည် အစုစပ်လုပ်ငန်း၏ဆောင်ရွက်ချက် တစ်ရပ်ရပ်မှသော်လည်းကောင်း၊ အစုစပ်လုပ်ငန်းပိုင်ပစ္စည်း သို့မဟုတ် လုပ်ငန်း အဆက်အသွယ် သို့မဟုတ် အစုစပ် လုပ်ငန်း၏ အမည်ကို အသုံးပြုခြင်းဖြင့်သော်လည်းကောင်း ယင်းအစုစပ်လုပ်ကိုင်သူ အတွက် အမြတ် အစွန်းတစ်စုံတစ်ရာ ရရှိလျှင် အဆိုပါ အမြတ်အစွန်းကို စာရင်းရှင်းပြီး အစုစပ်လုပ်ငန်းသို့ ပေးရမည်။

(ခ) အစုဝင်တစ်ဦးသည် အစုစပ်လုပ်ငန်း နှင့် အမျိုးအစားတူပြီး ယင်းနှင့်အပြိုင်ဖြစ်သော လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်လျှင် ယင်းလုပ်ငန်းမှရရှိသည့် အမြတ်အစွန်း အားလုံးကို စာရင်းရှင်းပြီး အစုစပ်လုပ်ငန်းသို့ပေးရမည်။

**အစုစပ်လုပ်ငန်းတွင် ပြောင်းလဲမှုရှိပြီးနောက်၊ သက်တမ်းကာလ ကုန်ဆုံးပြီးနောက်၊ ထပ်ဆင့် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် အစုဝင်များ၏ ရပိုင်ခွင့်များနှင့် တာဝန်များ**

၃၆။ အစုဝင်အချင်းချင်းထားရှိသည့်ပဋိညာဉ် ကိုအထောက်အထားပြု၍ -

(က) အစုစပ်လုပ်ငန်းဖွဲ့စည်းပုံတွင် ပြောင်းလဲခြင်းရှိသည့်အခါ ပြန်လည်ဖွဲ့စည်းသည့် အစုစပ် လုပ်ငန်းတွင် အစုဝင်တို့၏ ရပိုင်ခွင့်များနှင့်တာဝန်များသည် မပြောင်းလဲမီအချိန် တွင် ရှိနေသည့် ရပိုင်ခွင့်များနှင့် တာဝန်များအတိုင်း ဖြစ်သည်။

(ခ) အစုစပ်လုပ်ငန်း တစ်ခုသည် သက်တမ်းသတ်မှတ်၍ လုပ်ကိုင်ဆောင်ရွက်ရာတွင် ယင်းသက်တမ်း ကုန်ဆုံးပြီးနောက် ဆက်လက်ဆောင်ရွက်ပါက အစုဝင်အချင်းချင်း အကြား တာဝန်နှင့်အခွင့်အရေးများသည် အလိုရှိသမျှသာ တည်ထောင်သော အစုစပ်

လုပ်ငန်းပုံစံ နှင့် ကိုက်ညီသရွေ့ သက်တမ်း မကုန်ဆုံးမီကအတိုင်း ဆက်လက် တည်ရှိစေရမည်။

(ဂ) စွန့်စားလုပ်ကိုင်မှုများ သို့မဟုတ် လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်မှုများအနက် တစ်ရပ်ကိုဖြစ်စေ၊ အများကိုဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် အစုစပ်လုပ်ငန်းသည် အခြားစွန့်စားလုပ်ကိုင်မှုများ သို့မဟုတ် အခြားလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုများ ကို ထပ်မံလုပ်ကိုင် ဆောင်ရွက်လျှင် ထိုကဲ့သို့ ထပ်မံလုပ်ကိုင်ဆောင်ရွက်သည့် စွန့်စားလုပ်ကိုင်မှုများ သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် အစုဝင်များ၏ ရပိုင်ခွင့်များနှင့် တာဝန်များသည် မူလစွန့်စားလုပ်ကိုင်မှုများ သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုများ နှင့်စပ်လျဉ်းသည့် ရပိုင်ခွင့်များ နှင့် တာဝန်များအတိုင်း ဖြစ်သည်။

## အခန်း (၆)

## အစုဝင်များနှင့် အခြားသူတို့ဆက်ဆံလုပ်ကိုင်ခြင်း

**အစုဝင်သည်အစုစပ်လုပ်ငန်း၏ ကိုယ်စားလှယ်ဖြစ်ခြင်း**

၃၇။ ဤဥပဒေပါပြဋ္ဌာန်းချက်များကိုအထောက်အထားပြု၍ အစုဝင်တစ်ဦးသည် အစုစပ်လုပ်ငန်း၏ လုပ်ငန်းကိစ္စများအတွက် အစုစပ်လုပ်ငန်း၏ ကိုယ်စားလှယ် ဖြစ်သည်။

**အစုဝင်ကို အစုစပ်လုပ်ငန်းကိုယ်စားလှယ်အဖြစ်ဖြင့် လွှဲအပ်ရာရောက်သည့် လုပ်ပိုင်ခွင့်**

၃၈။(က) ပုဒ်မ ၄၁ ပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ အစုစပ်လုပ်ငန်းက လုပ်ငန်းလုပ်ဆောင်မြဲနည်းလမ်းအတိုင်း လုပ်ကိုင်ဆောင်ရွက်သော အစုဝင်တစ်ဦး၏ ပြုလုပ်မှုသည် အစုစပ်လုပ်ငန်းအပေါ်အတည်ဖြစ်သည်။ အစုစပ်လုပ်ငန်းအပေါ် အတည်ဖြစ်စေရန် ဤပုဒ်မအရ ပေးအပ်ထားသည့်လုပ်ပိုင်ခွင့်က အစုဝင်တစ်ဦး၏ လွှဲအပ်ရာရောက်သည့် လုပ်ပိုင်ခွင့်ဟုခေါ် ဆိုရမည်။

(ခ) ဆန့်ကျင်ကွဲလွဲသည့်ကုန်သွယ်မှု အသုံးအနှုန်းသို့မဟုတ် ထုံးတမ်းများမရှိလျှင် အစုဝင်တစ်ဦးအား လွှဲအပ်ရာရောက်သည့် လုပ်ပိုင်ခွင့်တွင် အောက်ပါတို့ ပါဝင်သည်ဟု မှတ်ယူခြင်းမပြုရ-

(၁) အစုစပ်လုပ်ငန်း၏လုပ်ငန်းကိစ္စ နှင့် စပ်လျဉ်းသည့်အငြင်းပွားမှုတစ်ခုကို အနုညာတခုံရုံးဖြင့်ဖြေရှင်းခြင်း၊

(၂) အစုစပ်လုပ်ငန်းကိုယ်စားမိမိ၏အမည်ဖြင့်ဘဏ်ငွေစာရင်းဖွင့်ခြင်း၊

(၃) အစုစပ်လုပ်ငန်း၏ တောင်းဆိုချက်တစ်ခုခုကိုဖြစ်စေ၊ယင်း၏အစိတ်အပိုင်းကို ဖြစ်စေ ပြေငြိမ်းခြင်း သို့မဟုတ် စွန့်လွှတ်ခြင်း၊

(၄) အစုစပ်လုပ်ငန်း၏ကိုယ်စားစွဲဆိုသောတရားမမှုသို့မဟုတ်အမှုအခင်းကိုရုပ်သိမ်းခြင်း၊

(၅) အစုစပ်လုပ်ငန်းအားစွဲဆိုသည့် တရားမမှု သို့မဟုတ် အမှုအခင်းတွင် တာဝန်ရှိကြောင်း ကို ဝန်ခံခြင်း၊

(၆) အစုစပ်လုပ်ငန်း၏ကိုယ်စား မရွှေ့မပြောင်းနိုင်သောပစ္စည်း ကို ရယူခြင်း၊

(၇) အစုစပ် လုပ်ငန်းပိုင် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို လွှဲပြောင်းခြင်း၊ သို့မဟုတ်

(၈) အစုစပ်လုပ်ငန်းကို ကိုယ်စားပြု၍ အစုစပ်လုပ်ငန်း လုပ်ကိုင်ခြင်း။

**အစုဝင်အားလွှဲအပ်ရာရောက်သည့် အာဏာကို တိုးချဲ့ခြင်းနှင့် ကန့်သတ်ခြင်း**

၃၉။ အစုစပ်လုပ်ငန်း တစ်ခုတွင် ပါဝင်သော အစုဝင်များသည် ယင်းတို့အချင်းချင်းပြုလုပ်သော ပဋိညာဉ်အရ လွှဲအပ်ရာရောက်သည့် လုပ်ပိုင်ခွင့်ကိုတိုးချဲ့ခြင်း သို့မဟုတ် ကန့်သတ်ခြင်းပြုနိုင်သည်။ ယင်းသို့ ကန့်သတ်ချက်တစ်ရပ်ရပ် ရှိနေသော်လည်း အစုစပ်လုပ်ငန်း၏ ကိုယ်စားအစုဝင် တစ်ဦးဦး က ပြုလုပ်မှုသည် ယင်း၏လွှဲအပ်ရာရောက်သည့် လုပ်ပိုင်ခွင့်အတွင်းကျရောက်ခဲ့လျှင် ယင်းနှင့်အတူ လုပ်ငန်းတွဲဖက် ဆောင်ရွက်သူသည် အဆိုပါ ကန့်သတ်ချက်ရှိကြောင်း မသိရှိလျှင် သို့မဟုတ် ယင်းအစုဝင်အား အစုဝင်ဖြစ်ကြောင်း မသိရှိလျှင် သို့မဟုတ် မယုံကြည်လျှင် ထိုအစုဝင်၏ ပြုလုပ်မှု သည်လုပ်ငန်းအပေါ်အတည်ဖြစ်သည်။

**အရေးပေါ်ကိစ္စပေါ်ပေါက်လာသည့်အခါ အစုဝင်၏ လုပ်ပိုင်ခွင့်**

၄၀။ အစုဝင်တစ်ဦးသည် အရေးပေါ်ကိစ္စဖြစ်ပေါ်လာသည့်အခါ အစုစပ်လုပ်ငန်းဆုံးရှုံး နစ်နာခြင်းမှ ကာကွယ်ရန်အလို့ငှာ အလားတူအခြေအနေမျိုးတွင် သာမန်အသိဉာဏ်ရှိသူ တစ်ဦးက ကိုယ်တိုင် ကြုံတွေ့လျှင် ပြုလုပ်သည့်အတိုင်း လုပ်ပိုင်ခွင့်ရှိသည့်အပြင် အဆိုပါပြုလုပ်မှုများသည် အစုစပ် လုပ်ငန်းအပေါ် အတည်ဖြစ်သည်။

**အစုစပ်လုပ်ငန်းအပေါ် အတည်ဖြစ်ရန်ပြုလုပ်သည့်နည်းလမ်း**

၄၁။ အစုစပ်လုပ်ငန်းအပေါ်တွင် အတည်ဖြစ်စေရန်အလို့ငှာ အစုဝင်တစ်ဦးကဖြစ်စေ၊ အစုစပ် လုပ်ငန်းအတွက် အခြားသူတစ်ဦးကဖြစ်စေ ပြုလုပ်သည့်ပြုလုပ်မှု သို့မဟုတ် ချုပ်ဆိုသည့်စာချုပ် စာတမ်းကို အစုစပ်လုပ်ငန်း အမည်ဖြင့်ဖြစ်စေ၊ အစုစပ်လုပ်ငန်း အပေါ်တွင် အတည်ဖြစ်ရန် ရည်ရွယ်ကြောင်း အတိအလင်းဖော်ပြသည့် သို့မဟုတ် ရည်ရွယ်ကြောင်း သဘောသက်ရောက်သည့် အခြားနည်းလမ်းဖြင့် ဖြစ်စေ ပြုလုပ်ချုပ်ဆိုရမည်။

**အစုဝင်ကပြုလုပ်သော ဝန်ခံချက်များ၏ အကျိုးသက်ရောက်မှု**

၄၂။ အစုစပ်လုပ်ငန်း၏ အရေးကိစ္စများနှင့် စပ်လျဉ်း၍ အစုဝင်တစ်ဦးက ပြုလုပ်သော ဝန်ခံချက် သို့မဟုတ် ကိုယ်စားပြုချက်သည် လုပ်ငန်းကိစ္စ ဆောင်ရွက်မြဲအတိုင်း ပြုလုပ်ခဲ့ခြင်းဖြစ်လျှင် ယင်းဝန်ခံချက် သို့မဟုတ် ကိုယ်စားပြုချက်သည် အစုစပ်လုပ်ငန်းအပေါ်တွင် သက်သေခံဖြစ်သည်။

**လုပ်ကိုင်ဆောင်ရွက်လျှက်ရှိသည့် အစုဝင်အပေါ် အကြောင်းကြားခြင်း၏ အကျိုး သက်ရောက်မှု**

၄၃။ အစုဝင်ကဖြစ်စေ၊ ယင်းအစုဝင်၏ သဘောတူညီချက်ဖြင့်ဖြစ်စေ အစုစပ်လုပ်ငန်း အပေါ်တွင် လိမ်လည်သည့်အခါမှတစ်ပါး အစုစပ်လုပ်ငန်း၏အရေးကိစ္စနှင့်စပ်လျဉ်းသည့် အကြောင်းအရာ တစ်ခုခုအတွက် လုပ်ငန်း၏အလုပ်ကိစ္စကို အမြဲလုပ်ကိုင် ဆောင်ရွက်လေ့ရှိသည့် အစုဝင်အပေါ် အကြောင်းကြားသည့် အကြောင်းကြားစာသည် အစုစပ်လုပ်ငန်းအပေါ် အကြောင်းကြားသည့် အကြောင်းကြား စာကဲ့သို့ အတည်ဖြစ်သည်။

**အစုစပ်လုပ်ငန်း၏ပြုလုပ်မှုများအတွက်အစုဝင်၏တာဝန်**

၄၄။ အစုဝင်သည် အစုဝင်တစ်ဦးဖြစ်နေစဉ် ကာလအတွင်း အစုစပ်လုပ်ငန်း၏ ပြုလုပ်မှု အားလုံး အတွက် အခြားအစုဝင်များနှင့် တွဲဖက်၍ သော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း တာဝန် ရှိသည်။

**အစုဝင်တစ်ဦး၏မှားယွင်းသောပြုလုပ်မှု သို့မဟုတ် အစုစပ်လုပ်ငန်း၏တာဝန်**

၄၅။ အစုစပ်လုပ်ငန်း၏ အလုပ်ကိစ္စများကို လုပ်ဆောင်မြဲအတိုင်း လုပ်ကိုင် ဆောင်ရွက်ရာတွင် ဖြစ်စေ၊ ယင်း၏ အစုဝင်များ အခွင့်အာဏာဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်သည့် အစုဝင်တစ်ဦး ၏ မှားယွင်းသော ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် အခြားသူအား ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးနစ်နာခြင်းဖြစ်စေလျှင် သို့မဟုတ် ပြစ်ဒဏ်တစ်ခုခုခံရခြင်းဖြစ်စေလျှင် အစုစပ် လုပ်ငန်းသည် ယင်းအစုဝင်တာဝန်ရှိသမျှ ဆုံးရှုံးခြင်း၊ ပျက်စီးနစ်နာခြင်းအတွက် တာဝန်ရှိသည်။

**အစုဝင်များအလွဲသုံးစားပြုခြင်းအတွက်အစုစပ်လုပ်ငန်း၏တာဝန်**

၄၆။ အောက်ပါအခြေအနေတစ်ရပ်ရပ်မှ ပေါ်ပေါက်လာသည့် နစ်နာဆုံးရှုံးမှုများအတွက် အစုစပ် လုပ်ငန်းတွင် တာဝန်ရှိသည်-

(က) အစုဝင်တစ်ဦးသည်၎င်းထံတွင်ရှိကြောင်းပေါ်လွင်သည့်လုပ်ပိုင်ခွင့်အရ ဆောင်ရွက်ရာတွင် အခြားသူထံမှငွေ သို့မဟုတ် ပစ္စည်းကို လက်ခံရရှိပြီးနောက် အလွဲသုံးစားပြုခြင်း၊

(ခ) အစုစပ်လုပ်ငန်းသည် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အခြားသူထံမှငွေ သို့မဟုတ် ပစ္စည်းကို လက်ခံရရှိပြီးနောက် ယင်းငွေ သို့မဟုတ် ပစ္စည်းကို အစုစပ်လုပ်ငန်းက ထိန်းသိမ်းထားစဉ်အတွင်း အစုဝင်တစ်ဦးဦးက အလွဲသုံးစားပြုလုပ်ခြင်း။

**အစုစပ်လုပ်ကိုင်သူကဲ့သို့ ထင်မှတ်စေရန်ပြုလုပ်ခြင်း**

၄၇။(က) တစ်ဦးတစ်ယောက်သည် နှုတ်ဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း၊ အပြုအမူဖြင့်သော်လည်းကောင်းမိမိကိုယ်ကိုအစုစပ်လုပ်ငန်းတွင်အစုဝင်တစ်ဦးအဖြစ်ထင်မှတ်စေလျှင် သို့မဟုတ် သိလျက်နှင့် ထင်မှတ်စေခွင့်ပြုလျှင် ထိုထင်မှတ်စေသူ သို့မဟုတ် ထင်မှတ် စေခွင့်ပြုသူက ထိုသို့ထင်မှတ်စေခြင်းကို ယုံကြည်သည့်အတွက် အကြွေးပေးသူသည် အစုစပ်လုပ်ငန်းအား အကြွေးပေးခြင်းဖြစ်ကြောင်း ထိုသူသိသည် ဖြစ်စေ၊ မသိသည် ဖြစ်စေ အဆိုပါ အကြွေးပေးသူ အပေါ် အစုဝင်တစ်ဦးကဲ့သို့ တာဝန် ရှိသည်။

(ခ) အစုဝင်တစ်ဦး ကွယ်လွန်ပြီးနောက် လုပ်ငန်းကို အစုစပ်လုပ်ငန်း အမည်ဟောင်းဖြင့် ဆက်လက်လုပ်ကိုင်သည့်ကိစ္စတွင် ယင်းအမည်ဟောင်းကိုဖြစ်စေ၊ ကွယ်လွန်သည့် အစုဝင်၏အမည်ကို ယင်းအစုစပ်လုပ်ငန်း အမည်ဟောင်း၏ အစိတ်အပိုင်းဖြင့်ဖြစ်စေ ဆက်လက်အသုံးပြုခြင်းသည် ယင်းသို့အသုံးပြုရုံမျှဖြင့် ထိုသူ၏ တရားဝင် ကိုယ်စားလှယ်ကို သို့မဟုတ် ထိုသူပိုင်ပစ္စည်းကို ထိုသူကွယ်လွန်ပြီး နောက်ပြုလုပ်သည့် အစုစပ်လုပ်ငန်း၏ ပြုလုပ်မှုအတွက် တာဝန်မရှိစေရ။

**အစုဝင်တစ်ဦး၏အကျိုးသက်ဆိုင်ခွင့်များကို လွှဲပြောင်းခံယူသူ၏ အခွင့်အရေးများ**

၄၈။(က)အစုဝင်တစ်ဦးက အစုစပ်လုပ်ငန်းတွင် ယင်း၏အကျိုးသက်ဆိုင်ခွင့်ကို အပြီးအပြတ်ဖြစ်စေ၊ ပေါင်နှံခြင်းဖြင့်ဖြစ်စေ၊ ယင်းအကျိုးသက်ဆိုင်ခွင့်အပေါ် ယင်းကတာဝန်ထား၍ဖြစ်စေ၊ လွှဲပြောင်းရာတွင် လွှဲပြောင်းခံရသူအား အစုစပ်လုပ်ငန်း ဆက်လက်တည်ရှိနေသည့် ကာလအတွင်း အလုပ်ကိစ္စ လုပ်ကိုင်ဆောင်ရွက်ရာ၌ ဝင်ရောက် စွက်ဖက်ရန်ဖြစ်စေ၊ စာရင်းများ တောင်းခံရန် ဖြစ်စေ၊ လုပ်ငန်းစာရင်းများ ကြည့်ရှုစစ်ဆေးရန်ဖြစ်စေ ခွင့်ပြုသည် မဟုတ်၊ သို့ရာတွင်အဆိုပါ လွှဲပြောင်းခံရသူအား လွှဲပြောင်းပေးသည့် အစုဝင်၏ အမြတ်ဝေစုကိုသာလျှင် ရထိုက်ခွင့်ရှိသည်။ထို့အပြင် လွှဲပြောင်းခံရသူသည် အစုဝင်များ သဘောတူသည့် အမြတ်ငွေစာရင်းကို လက်ခံရမည်။

(ခ)အစုစပ်လုပ်ငန်းကို ဖျက်သိမ်းလျှင်ဖြစ်စေ၊ လွှဲပြောင်းပေးသည့် အစုဝင်သည် အစုဝင်အဖြစ်မှရပ်စဲလျှင်ဖြစ်စေ လွှဲပြောင်းခံရသူသည် လွှဲပြောင်းပေးသည့် အစုဝင် ရထိုက်သည့် အစုစပ်လုပ်ငန်း ပိုင်ပစ္စည်းမှ ဝေစုကို ကျန်အစုဝင်များကဲ့သို့ ရထိုက်သည့်အပြင် ထိုဝေစုကို

အမှန် သိရှိအောင် ပြုလုပ်ရန်ကိစ္စအတွက် ဖျက်သိမ်းသည့် နေ့ရက်မှစ၍ စာရင်းတစ်ရပ်ကိုလည်း ရထိုက်စေရမည်။

**အရွယ်မရောက်သေးသူများအား အစုစပ်လုပ်ငန်း၏ အကျိုးခံစားခွင့်များကို ခံစားခွင့်ပြုခြင်း**

၄၉။ (က) သက်ဆိုင်သည့် တရားဥပဒေအရ အရွယ်မရောက်သေးသူ တစ်ဦးသည် အစုစပ်လုပ်ငန်း တွင် အစုဝင်တစ်ဦး မဖြစ်နိုင်သော်လည်း ရှိဆဲဖြစ်သည့် အစုဝင်အားလုံး၏ သဘောတူညီချက်ဖြင့် အစုစပ်လုပ်ငန်း၏ အကျိုးခံစားခွင့်များကို ခံစားခွင့် ပြုပေး နိုင်သည်။

(ခ ) အဆိုပါ အရွယ်မရောက်သေးသူသည် အစုစပ်လုပ်ငန်း၏ ပစ္စည်းနှင့်အမြတ်အစွန်းများမှ အစုဝင်များ သဘောတူညီထားသည့်ဝေစုကို ရထိုက်ခွင့်ရှိသည့်အပြင် အစုစပ်လုပ်ငန်း၏ ငွေစာရင်း တစ်ရပ်ရပ် ကိုလည်း ဝင်ရောက်ကြည့်ရှုစစ်ဆေး ကူးယူနိုင်သည်။

(ဂ) အဆိုပါ အရွယ်မရောက်သေးသူ၏ဝေစုမှာ အစုစပ်လုပ်ငန်း၏ ပြုလုပ်မှုများ အတွက် တာဝန်ရှိသော်လည်း အရွယ်မရောက်သေးသူသည် ယင်းကိုယ်တိုင် တာဝန်မရှိစေရ။

(ဃ) အဆိုပါ အရွယ်မရောက်သေးသူသည် အစုစပ်လုပ်ငန်းနှင့် အဆက်အသွယ်ဖြတ်သည့် အခါမှအပ ထိုအစုစပ်လုပ်ငန်း၏ပစ္စည်း သို့မဟုတ် အမြတ်အစွန်းများမှာ ယင်း၏ ဝေစုအတွက် စာရင်းတစ်ရပ်ဖြစ်စေ၊ ငွေကြေးပေးရန်ဖြစ်စေ အစုဝင်တို့ အပေါ်တွင် တရားစွဲဆိုခြင်းမပြုနိုင်စေရ၊ ထိုသို့အဆိုပါအရွယ်မရောက်သေးသူသည် အစုစပ်လုပ်ငန်း နှင့်အဆက်အသွယ်ဖြတ်သည့်ကိစ္စတွင် ယင်း၏ဝေစု အရေအတွက်ကို ပုဒ်မ ၆၇ တွင် ပါရှိသည့် ပြဋ္ဌာန်းချက်များနှင့် လျော်ညီနိုင်သမျှ တန်ဖိုးဖြတ် သတ်မှတ်ရမည်။

သို့ရာတွင် အစုဝင်အားလုံးတို့က အတူတကွ ဆောင်ရွက်၍ဖြစ်စေ၊ အခြားအစုဝင်များ အားစာပေး၍ အစုစပ်လုပ်ငန်း ဖျက်သိမ်း ပိုင်ခွင့်ရှိသည့် အစုဝင်တစ်ဦးက ဖြစ်စေ တရားမမှုတွင် အစုစပ်လုပ်ငန်းဖျက်သိမ်းခွင့်ကို ရွေးချယ်နိုင်သည်။ ထိုအခါတွင် တရားရုံးက ဖျက်သိမ်းရန်နှင့် အစုဝင် တစ်ဦးနှင့်တစ်ဦး စာရင်းရှင်းရန် အမှုကဲ့သို့ အမှုကို စစ်ဆေးပြီးလျှင် အရွယ်မရောက်သေးသူ၏ ဝေစုပါငွေပမာဏကို အခြား အစုဝင်များ၏ ဝေစုပါ ငွပမာဏနှင့်အတူ သတ်မှတ်ရ မည်။

(င) အရွယ်မရောက်သေးသူသည် ယင်းအရွယ်ရောက်သည့် နေ့ရက် သို့မဟုတ် ယင်းအား အစုစပ်လုပ်ငန်း၏ အကျိုးခံစားခွင့်များကို ခံစားခွင့်ပြုကြောင်း သိရှိသည့် နေ့ရက်၊ ယင်းနေ့ရက်များအနက် နောက်ကျရာနေ့ရက်မှ ခြောက်လအတွင်း အစုစပ် လုပ်ငန်းတွင် အစုဝင်တစ်ဦး ဖြစ်လာရန် ရွေးချယ်ကြောင်း သို့မဟုတ် မရွေးချယ်ကြောင်းကို အများ သိစေရန်ကြေညာနိုင်သည်။ ထိုသို့ကြေညာခြင်းဖြင့် အစုစပ်လုပ်ငန်း နှင့် စပ်လျဉ်း၍

ယင်းအနေအထားကို ဆုံးဖြတ်ရမည်။ သို့ရာတွင် ယင်းသို့ ကြေညာရန် ပျက်ကွက်လျှင် ထိုသူသည် အဆိုပါ ခြောက်လ ကုန်ဆုံးသည့်အခါ အစုစပ်လုပ်ငန်းတွင် အစုဝင်တစ်ဦး ဖြစ်လာစေရမည်။

(စ) တစ်ဦးတစ်ယောက်သောသူအား အစုစပ်လုပ်ငန်းတွင် အစုစပ်လုပ်ကိုင်ရာမှ အကျိုး ခံစားခွင့်များကို ခံစားခွင့်ရှိသော အရွယ်မရောက်သေးသူ တစ်ဦးအဖြစ် ခွင့်ပြုခဲ့လျှင် ထိုသူသည် အရွယ်ရောက်ပြီးနောက် ခြောက်လလွန်မြောက်ပြီး သီးခြားနေ့ရက်တိုင်အောင် ယင်းသို့ ခွင့်ပြုခြင်းကို သိရှိခဲ့ခြင်း မရှိကြောင်း သက်သေထင်ရှားပြသရန် တာဝန်မှာ ထိုအကြောင်းခြင်းရာ တင်ပြပြောဆိုသူ အပေါ်တွင် ကျရောက်စေရမည်။

(ဆ)ထိုသူအစုဝင် ဖြစ်လာသည့်ကိစ္စတွင်-

(၁) အရွယ်မရောက်သေးသူအဖြစ်ဖြင့် ယင်း၏အခွင့်အရေးများနှင့် တာဝန်များသည် အစုဝင်တစ်ဦး ဖြစ်လာသည့်နေ့ရက်အထိ ဆက်လက်အတည် ဖြစ်သည်။ သို့ရာတွင် အစုစပ် လုပ်ကိုင်ခြင်း၏ ခံစားခွင့်များရရှိသည့် နေ့ရက်မှစ၍ အစုစပ်လုပ်ငန်း၏ ပြုလုပ်မှု အားလုံးအတွက် အခြားသူတို့အပေါ်တွင် ကိုယ်တိုင်လည်း တာဝန်ရှိ လာစေရမည်။

(၂) အစုစပ်လုပ်ငန်း၏ ပစ္စည်းများနှင့် အမြတ်အစွန်းများမှ ယင်း၏အစုသည် အရွယ်မရောက်သေးသူအဖြစ်ဖြင့် ရထိုက်ခွင့်ရှိသည့် ဝေစုပင်ဖြစ်ရမည်။

(ဇ) ထိုသူ အစုဝင်တစ်ဦးမဖြစ်ရန် ရွေးချယ်သည့်ကိစ္စတွင်-

(၁) ထိုသူ၏အခွင့်အရေးများ နှင့် တာဝန်များသည် အများကြားသိရန် ကြေညာသည့် နေ့ရက်အထိ ဤပုဒ်မအရ အရွယ်မရောက်သေးသူ၏ အခွင့်အရေးများနှင့် တာဝန် များအဖြစ် ဆက်လက်အတည်ဖြစ်ရမည်။

(၂) ထိုသူ၏ဝေစုသည် ယင်းသို့ ကြေညာသည့်နေ့ရက်နောက် ပြုလုပ်သည့် အစုစပ် လုပ်ငန်း၏ ပြုလုပ်မှုတစ်ခုခုအတွက် တာဝန်မရှိစေရ။

(၃) ထိုသူသည် ပုဒ်မခွဲ (ဃ) နှင့်အညီ ပစ္စည်းများနှင့် အမြတ်အစွန်းများမှ ယင်း၏ ဝေစုအတွက် အစုဝင်များအပေါ် တရားစွဲဆိုပိုင်ခွင့်ရှိရမည်။

(ဈ) ပုဒ်မခွဲ (ဆ) နှင့် (ဇ) ပါ မည်သည့် အချက်ကမျှ ပုဒ်မ ၄၇ ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေရ။

## အခန်း (၇)

## အစုဝင်အသစ်များနှင့် နုတ်ထွက်သွားသည့် အစုဝင်များ

### အစုဝင်တစ်ဦးအားပါဝင်ခွင့်ပြုခြင်း

၅၀။(က) အစုဝင်အချင်းချင်းထားရှိသည့် ပဋိညာဉ်နှင့် ပုဒ်မ ၄၉ ပါ ပြဋ္ဌာန်းချက်များကို အထောက် အထားပြု၍ မည်သူ့ကိုမျှ လက်ရှိအစုဝင်အားလုံး၏ သဘောတူ ညီချက်မရှိဘဲ အစုစပ် လုပ်ငန်းတွင် အစုဝင်တစ်ဦးအဖြစ် ပါဝင်ခွင့် မပြုရ။

(ခ) ပုဒ်မ ၄၉ ပါပြဋ္ဌာန်းချက်များကိုအထောက်အထားပြု၍ အစုစပ်လုပ်ငန်းတွင် အစုဝင်တစ်ဦး အဖြစ် ပါဝင်ခွင့်ရသူတစ်ဦးသည် ထိုသို့ပါဝင်ခွင့်ရခြင်းဖြင့် ယင်းအစုဝင်အဖြစ် မပါဝင်မီက ပြုလုပ်သည့် အစုစပ်လုပ်ငန်း၏ ပြုလုပ်မှုတစ်ခုခုအတွက် တာဝန်မရှိစေရ။

### အစုစပ်လုပ်ကိုင်သူတစ်ဦး နုတ်ထွက်ခွင့်ပြုခြင်း

၅၁။(က) အစုဝင်တစ်ဦးသည်-

(၁) အခြားအစုဝင်အားလုံး၏ သဘောတူညီချက်ဖြင့် ဖြစ်စေ၊

(၂) အစုဝင်များ၏ အတိအလင်း သဘောတူညီချက်ရှိလျှင် ယင်းနှင့် အညီ ဖြစ်စေ၊ သို့မဟုတ်

(၃) အလိုရှိသမျှသာလုပ်ကိုင်ရန် တည်ထောင်သည့် အစုစပ်လုပ်ငန်းတွင် အခြား အစုဝင် အားလုံးအား ယင်းနုတ်ထွက်လိုကြောင်း စာဖြင့်ရေးသားသည့် အကြောင်းကြား စာကို ပေးပို့ခြင်းဖြင့်ဖြစ်စေ နုတ်ထွက်နိုင်သည်။

(ခ) နုတ်ထွက်သွားသည့် အစုဝင်၊ အခြားသူနှင့် ပြန်လည် ဖွဲ့စည်းသည့် အစုစပ် လုပ်ငန်းမှ အစုဝင်များနှင့် ပြုလုပ်ထားသည့် သဘောတူညီချက်အရ ယင်းမနုတ်ထွက်မီ ပြုလုပ် သည့် အစုစပ်လုပ်ငန်း၏ ပြုလုပ်မှုများအတွက် အခြားသူက နုတ်ထွက်သွားသည့် အစုဝင်အပေါ် တင်ရှိသည့် တာဝန်များမှ ယင်းအစုဝင်အား ကင်းလွတ်ခွင့်ပြုနိုင် သည်။ ယင်းသို့ နုတ်ထွက်ကြောင်းကိုအခြားသူသိရှိပြီးပါက အဆိုပါ သဘောတူညီချက် သည် ထိုအခြားသူ နှင့် ပြန်လည်ဖွဲ့စည်းသည့် အစုစပ်လုပ်ငန်းတို့၏ လုပ်ငန်းဆက်ဆံမှု တစ်ရပ်ဟု သဘောသက်ရောက် စေရမည်။

(ဂ) အစုစပ်လုပ်ငန်းမှ အစုဝင်တစ်ဦး မည်သို့ပင် နုတ်ထွက်စေကာမူ ယင်းမနုတ် ထွက်မီက ပြုလုပ်ခဲ့သော အစုစပ်လုပ်ငန်း၏ ပြုလုပ်မှုတစ်ခုခု အတွက် အများပြည်သူ သိရှိစေရန် ကြေညာခြင်းမပြုမီ ကာလပတ်လုံး ယင်းနှင့် အစုဝင်များသည် အခြားသူများ အပေါ် ဆက်လက်တာဝန်ရှိသည်။ သို့ရာတွင် နုတ်ထွက်သွားသည့် အစုဝင်သည် ယင်းအစုဝင်

တစ်ဦး ဖြစ်ခဲ့ကြောင်း မသိဘဲ အစုစပ် လုပ်ငန်းနှင့် ဆက်ဆံလုပ်ကိုင်သည့် အခြားသူနှင့် စပ်လျဉ်း၍ တာဝန်မရှိစေရ။

(ဃ) ပုဒ်မခွဲ (ဂ) အရ ကြေညာခြင်းများကို နုတ်ထွက်သွားသည့် အစုဝင်ကဖြစ်စေ၊ ပြန်လည်ဖွဲ့စည်းသည့် အစုစပ်လုပ်ငန်းမှ အစုဝင်တစ်ဦးဦးကဖြစ်စေ ပြုလုပ်နိုင်သည်။

**အစုဝင်တစ်ဦးအားထုတ်ပယ်ခြင်း**

၅၂။(က) အစုဝင်တို့ အချင်းချင်း ထားရှိသည့် ပဋိညာဉ်အရ အပ်နှင်းထားသော အခွင့်အာဏာနှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်ခြင်းမှအပ အစုဝင်အများစုက အစုဝင်တစ်ဦးကို အစုစပ်လုပ်ငန်းမှ ထုတ်ပယ်ခြင်း မပြုနိုင်။

(ခ) ပုဒ်မ ၅၁ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်များသည် ထုတ်ပယ်ခံရသည့် အစုဝင်အား နုတ်ထွက်သည့် အစုဝင်တစ်ဦး ဖြစ်သကဲ့သို့ သက်ဆိုင်စေရမည်။

**အစုဝင်တစ်ဦးလူမွဲအဖြစ်ခံယူခြင်း**

၅၃။(က) အစုစပ်လုပ်ငန်းတစ်ခုမှ အစုဝင်တစ်ဦးကိုလူမွဲအဖြစ် တရားရုံးက စီရင်ဆုံးဖြတ်သည့်ကိစ္စတွင် ယင်းအစုစပ်လုပ်ငန်းအား ဖျက်သိမ်းသည်ဖြစ်စေ၊ မဖျက်သိမ်းသည် ဖြစ်စေ ထိုသူမှာ ယင်းသို့ စီရင်ဆုံးဖြတ်သည့် အမိန့်ချမှတ်သည့် နေ့ရက်တွင် အစုဝင် အဖြစ်မှ ရပ်စဲသည်။

(ခ) အစုဝင်များအချင်းချင်းထားရှိသည့် ပဋိညာဉ်အရ အစုဝင်တစ်ဦးအား လူမွဲ အဖြစ် တရားရုံးကစီရင်ဆုံးဖြတ်ခြင်းသည် အစုစပ်လုပ်ငန်းကို ဖျက်သိမ်းခြင်း မပြုသည့် စီရင်ဆုံးဖြတ်ချက် အမိန့်ချမှတ်သည့် နေ့ရက်နောက်ပိုင်းတွင် ယင်းသို့ စီရင်ဆုံးဖြတ်ခြင်းခံရသည့် အစုဝင်ပိုင်ပစ္စည်းများသည် အစုစပ်လုပ်ငန်း၏ ပြုလုပ်မှုအတွက် သော်လည်းကောင်း အစုစပ်လုပ်ငန်းသည် လူမွဲအဖြစ် စီရင်ဆုံးဖြတ်ခံရသူ၏ ပြုလုပ်မှု အတွက် သော်လည်းကောင်းတာဝန် မရှိစေရ။

**သေဆုံးသည့်အစုဝင်ပိုင်ပစ္စည်းနှင့် စပ်လျဉ်းသည့် တာဝန်**

၅၄။ အစုဝင် အချင်းချင်းထားရှိသည့် ပဋိညာဉ်အရ အစုဝင်တစ်ဦး ကွယ်လွန်ခြင်းဖြင့် အစုစပ်လုပ်ငန်းကိုဖျက်သိမ်းခြင်းမဖြစ်သည့်ကိစ္စတွင် ကွယ်လွန်သူအစုဝင်ပိုင်ပစ္စည်းများသည် ယင်းကွယ်လွန်ပြီးနောက်ပိုင်း အစုစပ်လုပ်ငန်း၏ ပြုလုပ်မှုအတွက် တာဝန်မရှိစေရ။

**လုပ်ငန်းကိုအပြိုင်အဆိုင်လုပ်ကိုင်ရန်အတွက် ထွက်သွားသောအစုဝင်၏ အခွင့်အရေးများ**

၅၅။(က)နုတ်ထွက်သွားသော အစုဝင်တစ်ဦးသည် အစုစပ်လုပ်ငန်း နှင့် အပြိုင်ဖြစ်သော လုပ်ငန်းကို လုပ်ကိုင်နိုင်ပြီး ယင်းလုပ်ငန်းကို ကြော်ငြာနိုင်သည်၊ သို့ရာတွင် ဆန့်ကျင်ကွဲလွဲသည့် ပဋိညာဉ်ကို အထောက်အထားပြု၍ ထိုသူသည်-

(၁) အစုစပ်လုပ်ငန်း၏ အမည်ကို အသုံးမပြုရ၊

(၂) အစုစပ်လုပ်ငန်း၏လုပ်ငန်းကိစ္စ ဆောင်ရွက်နေသကဲ့သို့ မပြုရ၊

(၃) ယင်းအစုဝင်အဖြစ်မှမရပ်စဲမီ အစုစပ်လုပ်ငန်းနှင့် ဆက်ဆံသူများကို စည်းရုံးခေါ်ဆောင်ခြင်းမပြုရ။

(ခ) အစုဝင်တစ်ဦးသည် အစုဝင်အဖြစ် ရပ်စဲသည့်အခါ သီးခြားဖော်ပြသည့် ကာလအပိုင်းအခြားအတွင်း သို့မဟုတ် သီးခြားဖော်ပြသည့် နယ်နိမိတ်အတွင်းတွင် အစုစပ်လုပ်ငန်းနှင့် အလားတူဖြစ်သည့်လုပ်ငန်းမျိုးကို ယင်းကမလုပ်ကိုင်မည့်အကြောင်း ယင်း၏အစုဝင်များနှင့် သဘောတူညီချက် ပြုလုပ်နိုင်သည်။ ထို့ပြင် တည်ဆဲပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၂၇ တွင် မည်သို့ပင်ရှိစေကာမူ ထားရှိသည့် ကန့်သတ်ချက်များမှာ သင့်လျော်မှန်ကန် လျှင် အဆိုပါ သဘောတူညီချက်သည် အတည်ဖြစ်စေရမည်။

**အချို့ကိစ္စများတွင် နောက်ထပ်ရရှိသည့် အမြတ်အစွန်းများကို ခွဲဝေယူရန် နုတ်ထွက်သွားသည့် အစုဝင်၏ အခွင့်အရေး**

၅၆။(က) အစုစပ်လုပ်ငန်းတွင် ပါဝင်သူ တစ်ဦးဦးကွယ်လွန်ခြင်း သို့မဟုတ် အစုဝင်အဖြစ် မှ အခြားနည်းဖြင့် ရပ်စဲခြင်းဖြစ်ပွားပြီး ကျန်ရှိကြသော သို့မဟုတ် ဆက်လက်လုပ်ကိုင်ကြသော အစုဝင်များက ထွက် သွားသူအစုဝင် သို့မဟုတ် ယင်း၏အမွေပုံပစ္စည်း စီမံခန့်ခွဲသူများ နှင့် ကျန်အစုဝင်များ အကြားတွင် အစုစပ်လုပ်ငန်းပိုင် ပစ္စည်းများကို နောက်ဆုံး စာရင်းရှင်းလင်းမှု တစ်စုံတစ်ရာ မပြုဘဲ အစုစပ်လုပ်ငန်း ဆက်လက်ဆောင်ရွက်ကြရာတွင် ဆန့်ကျင်ကွဲလွဲသည့် ပဋိညာဉ်မရှိလျှင် နုတ်ထွက် သွားသည့်အစုဝင် သို့မဟုတ် ယင်း အမွေပုံပစ္စည်း စီမံခန့်ခွဲသူသည် ယင်း၏ ဆန္ဒအတိုင်းဖြစ်စေ၊ ယင်း၏ ကိုယ်စားလှယ်များ၏ ဆန္ဒအတိုင်းဖြစ်စေ အစုစပ်လုပ်ငန်းပိုင် ပစ္စည်းမှ ထိုသို့ရပ်စဲပြီးသည်မှစ၍ ယင်း၏ဝေစုကို အသုံးပြုသဖြင့်ရရှိသော အမြတ်အစွန်းများမှ ဆိုင်ရာဝေစုကို သော်လည်းကောင်း၊ အစုစပ်လုပ်ငန်းပိုင်ပစ္စည်းမှ ယင်း၏ဝေစုပမာဏ အပေါ်တွင် တစ်နှစ်လျှင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် သတ်မှတ်ဘဏ်တိုးနှုန်းအတိုင်း အတိုးငွေကိုသော်လည်းကောင်း ရထိုက်ခွင့်ရှိသည်။

(ခ) အစုဝင်များ အချင်းချင်း ပြုလုပ်သည့် ပဋိညာဉ်အရ ကွယ်လွန်သည့် သို့မဟုတ် နုတ်ထွက်သွားသည့် အစုဝင်၏ အကျိုးခံစားခွင့်ကိုအသက်ရှင်လျက်ရှိသည့် သို့မဟုတ် ဆက်လက်လုပ်ကိုင်ကြသည့် အစုဝင်များအား ဝယ်ယူရန် ရွေးချယ်ခွင့်ဆန္ဒကို ပေးသည့်အပြင် ယင်းဝယ်ယူရန် ရွေးချယ်ခွင့်ကို နည်းလမ်းတကျ အသုံးပြုသည့်ကိစ္စတွင် ကွယ်လွန်သည့် အစုဝင်ပိုင်ပစ္စည်း စီမံခန့်ခွဲသူ သို့မဟုတ် နုတ်ထွက်သွားသည့်အစုဝင် သို့မဟုတ် ထိုသူပိုင်ပစ္စည်းစီမံခန့်ခွဲသူ သည်နောက်ထပ် သို့မဟုတ် အခြား အမြတ်အစွန်းများမှ မည်သည့်ဝေစုကိုမျှ ရထိုက်ခွင့်မရှိစေရ။ သို့ရာတွင် အကယ်၍ ရွေးချယ်ခွင့်ကို အသုံးပြုလျက်ဆောင်ရွက်သော အစုဝင်တစ်ဦးဦးသည် အရေးပါ အရာရောက်သည့် အချက်များအားလုံးတွင် ဖော်ပြပါ ပဋိညာဉ်ပါ စည်းကမ်းချက်များကို လိုက်နာခြင်းမရှိလျှင် ထိုသူသည် ဤပုဒ်မတွင်ဖော်ပြသည့် ပြဋ္ဌာန်းချက်များအရ စာရင်းရှင်းလင်းရန် တာဝန်ရှိသည်။

**အစုစပ်လုပ်ငန်းအပြောင်းအလဲကြောင့် ဆက်လက်တည်ရှိနေသော အာမခံ ရုပ်သိမ်းခြင်း**

၅၇။ အစုစပ်လုပ်ငန်း၏ အလုပ်ကိစ္စများနှင့်စပ်လျဉ်း၍ အစုစပ်လုပ်ငန်းကို ဖြစ်စေ၊ အခြားသူကိုဖြစ်စေပေးထားသည့် ဆက်လက်တည်ရှိနေသော အာမခံကို ဆန့်ကျင်ကွဲလွဲသည့် သဘောတူညီချက်မရှိလျှင် အစုစပ်လုပ်ငန်း ဖွဲ့စည်းပုံ၌ အပြောင်းအလဲရှိသည့် နေ့ရက်မှစ၍ နောင်အလုပ်ကိစ္စများ နှင့် စပ်လျဉ်း၍ ရုပ်သိမ်းသည်။

**အခန်း (၈)**

**အစုစပ်လုပ်ငန်း ဖျက်သိမ်းခြင်း**

၅၈။ အစုစပ်လုပ်ငန်းကို အောက်ပါအခြေအနေတစ်ရပ်ရပ်အရ ဖျက်သိမ်းနိုင်သည်-

(က) သဘောတူညီချက်ဖြင့်ဖျက်သိမ်းခြင်း။

( ခ ) မဖျက်မနေရဖျက်သိမ်းခြင်း။

(ဂ) အချို့အကြောင်းအရာများဖြစ်ပွားသည့်အခါ ဖျက်သိမ်းခြင်း။

(ဃ)အလိုရှိသမျှသာလုပ်ကိုင်ရန်တည်ထောင်သည့်အစုစပ်လုပ်ငန်းကိုစာဖြင့်ဖျက်သိမ်းခြင်း။

(င) တရားရုံးကဖျက်သိမ်းခြင်း။

**သဘောတူညီချက်ဖြင့်ဖျက်သိမ်းခြင်း**

၅၉။ အစုစပ်လုပ်ငန်း တစ်ခုကို အစုဝင်အားလုံး၏ သဘောတူညီချက်ဖြင့်ဖြစ်စေ၊ အစုဝင်များအချင်းချင်းထားရှိသည့် ပဋိညာဉ်နှင့်အညီဖြစ်စေ ဖျက်သိမ်းနိုင်သည်။

**မဖျက်မနေရဖျက်သိမ်းခြင်း**

၆၀။ အစုစပ်လုပ်ငန်းကို-

(က) အစုဝင်အားလုံး ဖြစ်စေ၊ အစုဝင်တစ်ဦးမှအပ အားလုံးဖြစ်စေ လူမွဲအဖြစ် စီရင်ဆုံးဖြတ်ခံရလျှင်သို့မဟုတ်

(ခ) တစ်စုံတရာသောဖြစ်ရပ် ပေါ်ပေါက်လာခြင်းကြောင့် အစုစပ်လုပ်ငန်းကို လုပ်ငန်းဆက်လက်လုပ်ဆောင်ခြင်း သို့မဟုတ် အစုဝင်များက အစုစပ်လုပ်ငန်းကို ဆက်လက်လုပ်ဆောင်ခြင်းသည် တရားမဝင်ဖြစ်လာလျှင် အစုစပ်လုပ်ငန်းသည် ဖျက်သိမ်းပြီးဖြစ်သည်။

(ဂ) အစုစပ်လုပ်ငန်းသည် တစ်ရပ်ထက်ပိုသော အထူးစွန့်စားလုပ်ကိုင်မှု သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုကို သီးခြားလုပ်ကိုင် ဆောင်ရွက်သည့် ကိစ္စတွင် အဆိုပါလုပ်ကိုင်ဆောင်ရွက်မှုတစ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပိုသော လုပ်ကိုင်မှုများ တရားမဝင်သည့်အတွက်ကြောင့် ထိုအစုစပ်လုပ်ငန်း၏ တရားဝင်သော အထူးစွန့်စား လုပ်ကိုင်ဆောင်ရွက်မှု သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုများကို ဖျက်သိမ်းခြင်းမဖြစ်စေရ။

**အချို့အကြောင်းအရာများဖြစ်ပွားသည့်အခါ ဖျက်သိမ်းခြင်း**

၆၁။ အစုဝင်သူအချင်းချင်းထားရှိသည့်ပဋိညာဉ်ကို အထောက်အထားပြု၍ အစုစပ်လုပ်ငန်းတစ်ခုကို အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် ဖျက်သိမ်းနိုင်သည်-

(က) သက်တမ်းသတ်မှတ်၍ ဖွဲ့စည်းတည်ထောင်ထားလျှင် ထိုသက်တမ်းကုန်ဆုံးခြင်း၊

(ခ) တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော စွန့်စားလုပ်ကိုင်မှု သို့မဟုတ် လုပ်ကိုင်ဆောင် ရွက်မှုကိုလုပ်ကိုင်ဆောင်ရွက်ရန် ဖွဲ့စည်းတည်ထောင်ထားလျှင် ထိုလုပ်ကိုင် ဆောင်ရွက်မှုများပြီးဆုံးခြင်း၊

(ဂ) အစုဝင်တစ်ဦး သေဆုံးခြင်း၊

(ဃ) အစုဝင်တစ်ဦးကို လူမွဲအဖြစ် စီရင်ဆုံးဖြတ်ခြင်း။

**အလိုရှိသမျှသာ လုပ်ကိုင်ရန် တည်ထောင်ထားသည့် အစုစပ်လုပ်ငန်းကို စာဖြင့် ဖျက်သိမ်းခြင်း**

၆၂။(က)အစုစပ်လုပ်ငန်းသည် အလိုရှိသမျှသာ လုပ်ကိုင်ရန် တည်ထောင်ထားသည့် အစုစပ်လုပ်ငန်းဖြစ်သည့်အခါ အစုဝင်တစ်ဦးက အစုစပ်လုပ်ငန်းကို ဖျက်သိမ်းရန် ရည်ရွယ်ကြောင်းဖြင့် အခြားအစုဝင် အားလုံးအား စာဖြင့်ရေးသား၍ အကြောင်းကြားစာ ပေးပို့ခြင်းဖြင့် အစုစပ်လုပ်ငန်းကို ဖျက်သိမ်းနိုင်သည်။

(ခ) အစုစပ်လုပ်ငန်းကို ဖျက်သိမ်းသည့် နေ့ရက်အဖြစ်ဖြင့် စာတွင် ဖော်ပြ ထားလျှင် ထိုနေ့ရက်မှ စ၍သော်လည်းကောင်း၊ ယင်းနေ့ရက်ကို ဖော်ပြမထားလျှင် အကြောင်းကြားစာ ဆက်သွယ်ပေးပို့သည့် နေ့ရက်မှစ၍ သော်လည်းကောင်း ဖျက်သိမ်းပြီး ဖြစ်သည်။

**တရားရုံးကဖျက်သိမ်းခြင်း**

၆၃။ တရားရုံးသည် အစုဝင်တစ်ဦးကစွဲဆိုသော တရားမမှုတွင် အောက်ဖော်ပြပါ အကြောင်း တစ်ခုခုကြောင့် အစုစပ်လုပ်ငန်းကို ဖျက်သိမ်းနိုင်သည်-

(က)အစုဝင်တစ်ဦး စိတ်ကျန်းမာရေး ချွတ်ယွင်းသွားသည့်အခါ ယင်းအစုဝင်၏ နီးစပ်ရာ မိတ်ဆွေကဖြစ်စေ၊ အခြားအစုဝင်တစ်ဦးဦးကဖြစ်စေ လုပ်ငန်းဖျက်သိမ်းရန် တရားစွဲဆိုနိုင်ခြင်း၊

(ခ)တရားစွဲဆိုသည့် အစုဝင်မှအပ အခြားအစုဝင် တစ်ဦးဦးသည် အစုဝင်အဖြစ် ယင်း၏ တာဝန်များကို မဆောင်ရွက်နိုင်လောက်အောင် စွမ်းဆောင်ရည် တစ်သက်တာ ချွတ်ယွင်းသွားခြင်း၊

(ဂ)တရားစွဲဆိုသည့်အစုဝင်မှအပ အခြားအစုဝင်တစ်ဦးဦးသည် လုပ်ငန်း သဘာဝကို ထောက်ရှု၍ အစုစပ်လုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်နေမှု အပေါ်တွင် ထိခိုက်နစ်နာဖွယ်ရာရှိသည့် ပြုလုပ်မှု တစ်ရပ်ရပ်အတွက် အပြစ်ရှိခြင်း၊

(ဃ)တရားမမှုစွဲဆိုသည့် အစုဝင်မှအပ အခြားအစုဝင်တစ်ဦးဦးသည် အစုစပ်လုပ်ငန်း၏ စီမံခန့်ခွဲရေးကိစ္စများ သို့မဟုတ် ယင်းလုပ်ငန်း၏ ဆောင်ရွက်ပုံတို့နှင့် စပ်လျဉ်းသော သဘောတူ ညီချက်များကို တမင်သက်သက် သို့မဟုတ် ထပ်ခါထပ်ခါ ဖောက်ဖျက်ကျူးလွန်ခြင်း သို့မဟုတ် အခြားနည်းအားဖြင့် အစုစပ်လုပ်ငန်းနှင့် ဆက်စပ်သော ကိစ္စရပ်များတွင် ၎င်းပါဝင် ဆောင်ရွက်နေပုံသည် ကျန်အစုဝင်များအနေဖြင့် ယင်းနှင့်တွဲဖက်၍ အစုစပ်လုပ်ငန်း ဆက်လက်လုပ်ဆောင်ရန် ဖြစ်နိုင်ဖွယ်မရှိဟု ကျိုးကြောင်းဆီလျော်စွာ ယူဆလောက်ဖွယ်ရှိခြင်း၊

(င)တရားမမှုစွဲဆိုသည့် အစုဝင်မှအပ အခြားအစုဝင်တစ်ဦးသည် အစုစပ်လုပ်ငန်းမှ ယင်း၏ အကျိုးခံစားခွင့် အားလုံးကို အခြားသူအား တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်း သို့မဟုတ် ယင်း၏ အစုကို တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁ နည်းဥပဒေ ၄၉ ပထမ ဇယားပါ ပြဋ္ဌာန်းချက်များအရ စွဲဆိုသည်ကို ပေးဆောင်ခွင့်ပြုခြင်း သို့မဟုတ် ထိုအစုဝင်က ပေးဆောင် ရန်ရှိသည့်မြေခွန်တော်မပြေ ကျန်ငွေများကိုဖြစ်စေ၊ မြေခွန်တော် မပြေကျန်ငွေ

ကဲ့သို့အရ တောင်းခံရမည့် ငွေများကိုဖြစ်စေအရ တောင်းခံရန်အတွက် ယင်း၏ ဝေစုကို ရောင်းချခွင့်ပြုခြင်း၊

(စ)အစုစပ်လုပ်ငန်း၏ လုပ်ငန်းကိစ္စကို အရှုံးမရှိဘဲ ဆက်လက် လုပ်ကိုင်ဆောင် ရွက်ရန် မဖြစ်နိုင်ခြင်း၊ သို့မဟုတ်

(ဆ)အစုစပ်လုပ်ငန်းကို ဖျက်သိမ်းသင့်သည့် တရားမျှတ၍ အခြားသင့်မြတ် လျော်ကန်ဖွယ် ရှိသော အကြောင်းတစ်ရပ်ရပ်ရှိခြင်း။

**ဖျက်သိမ်းပြီးနောက်ပြုလုပ်သည့် အစုဝင်များ၏ ပြုလုပ်မှုများအတွက် တာဝန်**

၆၄။(က) အစုစပ်လုပ်ငန်းကို မည်သို့ပင် ဖျက်သိမ်းပြီး ဖြစ်စေကာမူ အစုဝင်များသည် မဖျက်သိမ်းမီ ပြုလုပ်ခဲ့လျှင်အစုစပ်လုပ်ငန်း၏ ပြုလုပ်မှုဖြစ်မည့် ထိုသူများအနက် တစ်ဦးဦးက ပြုလုပ်သော ပြုလုပ်မှုတစ်ခုခုအတွက် အစုစပ်လုပ်ငန်းဖျက်သိမ်းကြောင်း အများကြားသိရန် မကြေညာ သေးမီအထိ အစုဝင်များသည် အခြားသူတို့အား ဆက်လက်တာဝန် ရှိသည်။

(ခ) သေဆုံးသည့် အစုဝင်၏အမွေကို စီမံခန့်ခွဲသူ သို့မဟုတ် လူမွဲအဖြစ် စီရင်ဆုံးဖြတ်ခြင်း ခံရသူ သို့မဟုတ် အစုစပ်လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက် နေသောသူက အစုဝင်ဖြစ်ကြောင်း မသိရှိခဲ့သော အစုစပ်လုပ်ငန်းမှ နုတ်ထွက်ပြီးဖြစ်သည့် အစုဝင်သည် အစုဝင်အဖြစ် ချုပ်ငြိမ်းရပ်စဲပြီး နောက်ပိုင်းရက်တွင် အစုစပ်လုပ်ငန်း၏ပြုလုပ်မှုအတွက် ဤပုဒ်မ အရ တာဝန်မရှိစေရ။

(ဂ) ပုဒ်မခွဲ (က) အရ ကြေညာခြင်းကို အစုဝင်တစ်ဦးဦးက ပြုလုပ်နိုင်သည်။

**အစုစပ်လုပ်ငန်းကို ဖျက်သိမ်းပြီးနောက်လုပ်ငန်း ရှင်းလင်းရန် အစုဝင်များ၏အခွင့်အရေး**

၆၅။ အစုစပ်လုပ်ငန်းကို ဖျက်သိမ်းသည့်အခါ အစုဝင်တိုင်းသို့မဟုတ် ယင်း၏ ကိုယ်စားလှယ်တိုင်းသည် အခြားအစုဝင်အားလုံး သို့မဟုတ် ယင်းတို့၏ ကိုယ်စားလှယ် အားလုံး အပေါ်တွင် အစုစပ်လုပ်ငန်းပိုင်ပစ္စည်းကို အစုစပ်လုပ်ငန်း၏ ကြွေးမြီနှင့် တာဝန်များပေးဆပ်ရာ၌ အသုံးပြုစေခွင့်ရှိသည့်အပြင် ငွေပိုငွေလျှံကို အစုဝင်များအားဖြစ်စေ၊ ယင်းတို့၏ ကိုယ်စားလှယ်များအားဖြစ်စေ ယင်းတို့၏ အခွင့်အရေးများနှင့်အညီ ခွဲဝေရမည်။

**လုပ်ငန်းရှင်းလင်းရန် အလို့ငှာ အစုဝင်များ၏ ဆက်လက်တည်ရှိသည့် အခွင့်အာဏာ**

၆၆။(က) အစုစပ်လုပ်ငန်း ဖျက်သိမ်းပြီးနောက် အစုစပ်လုပ်ငန်းအားတာဝန်ရှိစေရန် အစုဝင် အသီးသီး ၏ အခွင့်အာဏာသည်လည်းကောင်း၊ အစုဝင်များအချင်းချင်းရရှိသည့် အခြားအခွင့် အရေးများနှင့် ခံယူရမည့်တာဝန်များသည်လည်းကောင်း အစုစပ်လုပ်ငန်း မည်သို့ပင်ဖျက်သိမ်းပြီး ဖြစ်စေကာမူ အစုစပ်လုပ်ငန်း၏ အရေးကိစ္စများကို

ရှင်းလင်းအပြီး သတ်ရန်နှင့် စတင်ဆောင်ရွက်ခဲ့သော်လည်း ဖျက်သိမ်းသည့်အခါတွင် မပြီးပြတ်သေးသော ဆောင်ရွက်ချက်များ ပြီးပြတ်စေရန် လိုအပ်သမျှမှ အပ အခြားနည်းဖြင့် ဆက်လက် မတည်ရှိစေရ။

(ခ) အစုစပ်လုပ်ငန်းသည် လူမွဲအဖြစ် စီရင်ဆုံးဖြတ်ခံရသည့် အစုဝင်၏ ပြုလုပ်မှုများအတွက် မည်သည့်ကိစ္စတွင်မျှ တာဝန်မရှိ။ သို့သော်လည်း ဤခြွင်းချက်သည် အဆိုပါ စီရင်ဆုံးဖြတ်ချက် ချမှတ်ပြီးနောက် မိမိကိုယ်ကို အဆိုပါ လူမွဲအဖြစ်ခံယူသူ အစုဝင်တစ်ဦးကဲ့သို့ ယုံကြည်စေသည့် သို့မဟုတ် သိလျက်နှင့်ယုံကြည်စေအောင် ပြုလုပ်ခွင့်ပြုသည့်သူ တစ်ဦးတစ်ယောက်၏ တာဝန်နှင့် မသက်ဆိုင်စေရ။

**အစုဝင်များအချင်းချင်း စာရင်းရှင်းရန်နည်းလမ်း**

၆၇။ ဖျက်သိမ်းပြီးနောက် အစုစပ်လုပ်ငန်း၏ စာရင်းများ ရှင်းလင်းရာတွင် အစုဝင်တို့ အချင်းချင်းပြုလုပ်သည့် သဘောတူညီချက်များကို အထောက်အထားပြုလျှက် အောက်ဖော်ပြပါ နည်းလမ်းများ နှင့် အညီ လိုက်နာရမည်-

(က) မတည်ငွေရင်းမှ လျော့နည်းငွေအပါအဝင် ဆုံးရှုံးမှုများကို ရှေးဦးစွာ အမြတ်အစွန်း ထဲမှလည်းကောင်း၊ ထို့နောက် မတည်ငွေရင်းထဲမှ လည်းကောင်း နောက်ဆုံး၌ လိုအပ် လျှင် အစုဝင်အသီးသီးက အမြတ်အစွန်းများကို ယင်းတို့ ခွဲဝေယူသည့် အချိုးကျ အလိုက် ပေးရမည်။

(ခ) မတည်ငွေရင်းမှ လျော့နည်းငွေများကို ဖြည့်စွက်ရန် အစုဝင်များက ထည့်သွင်း သည့်ငွေအပါအဝင် အစုစပ်လုပ်ငန်းပိုင် ပစ္စည်းများကို အောက်ဖော်ပြပါ နည်းလမ်းနှင့် အစီအစဉ်အတိုင်း လိုက်နာကျင့်သုံးရမည်-

(၁) အစုစပ်လုပ်ငန်း၏ ကြွေးမြီများကို အခြားသူတို့အား ပေးဆပ်ခြင်း၊

(၂) မတည်ငွေရင်းမှခွဲခြား၍ ကြိုတင်ချေးငွေများအတွက် အစုစပ်လုပ်ငန်းက အစုဝင် အသီးသီးအား ပေးရန်ရှိသည်ကို နှုန်းထားအတိုင်းပေးခြင်း၊

(၃) မတည်ငွေရင်းအတွက် အစုဝင်အသီးသီးအား ပေးရန်ရှိသည်ကို နှုန်းထားအတိုင်း ပေးခြင်းနှင့်

(၄) ကျန်ငွေတစ်စုံတစ်ရာရှိလျှင် ယင်းငွေကိုအစုဝင်များအား အမြတ်အစွန်းများကို ယင်းတို့ ခွဲဝေယူထိုက်သည့် အချိုးကျ အလိုက်ခွဲဝေပေးရမည်။

**အစုစပ်လုပ်ငန်း၏ကြွေးမြီများနှင့်သီးခြားကြွေးမြီများပေးဆပ်ခြင်း**

၆၈။ အစုစပ်လုပ်ငန်းက တွဲဖက်ပေးဆပ်ရန် ကြွေးမြီများနှင့်အစုဝင်တစ်ဦးဦးက သီးခြား ပေးဆပ်ရန် ကြွေးမြီများလည်း ရှိသည့်ကိစ္စတွင် အစုစပ်လုပ်ငန်းပိုင်ပစ္စည်းကို အစုစပ် လုပ်ငန်း၏ ကြွေးမြီများပေးဆပ်ရာ၌ ရှေးဦးစွာ အသုံးပြုရမည်။ ထို့နောက်ကျန်သော ငွေပိုရှိလျှင် အစုဝင် အသီးသီး၏ဝေစုကိုထိုသူ၏ သီးခြားကြွေးမြီများပေးဆပ်ရာ၌ အသုံးပြုရမည်၊ သို့မဟုတ် ထိုသူအား ပေးရမည်။ အစုဝင်တစ်ဦးဦးပိုင် သီးခြားပစ္စည်းကို ယင်း၏ သီးခြား ကြွေးမြီများပေးဆပ်ရာ၌ ရှေးဦးစွာ အသုံးပြုရမည်။ ထို့နောက်ကျန်သော ငွေပိုရှိလျှင် ထိုငွေကိုအစုစပ် လုပ်ငန်း၏ ကြွေးမြီများ ပေးဆပ်ရာ၌ အသုံးပြုရမည်။

**ဖျက်သိမ်းပြီးနောက် ကိုယ်တိုင်လုပ်ကိုင်ရရှိသည့် အမြတ်အစွန်းများ**

၆၉။ အစုဝင်အချင်းချင်းထားရှိသည့် ပဋိညာဉ်ကို အထောက်အထားပြု၍ ပုဒ်မ ၃၅ အပိုဒ်(က) ပါပြဋ္ဌာန်းချက်များသည် အစုဝင်တစ်ဦး ကွယ်လွန်ခြင်းကြောင့် အစုစပ်လုပ်ငန်းကို ဖျက်သိမ်း ပြီးနောက် ယင်းအစုစပ်လုပ်ငန်း၏ကိစ္စများ ရှင်းလင်းခြင်း အပြီးမသတ်မီ အသက်ရှင်လျက် ကျန်ရှိသည့် အစုဝင်တစ်ဦးဦးကဖြစ်စေ၊ ကွယ်လွန်သည့် အစုဝင်၏ ကိုယ်စားလှယ်များကဖြစ်စေ ပြုလုပ်သည့် ဆောင်ရွက်ချက်များနှင့် သက်ဆိုင်စေရမည်။ သို့ရာတွင် အစုဝင်တစ်ဦးဦးကဖြစ်စေ၊ ယင်း၏ ကိုယ်စားလှယ်ကဖြစ်စေ အစုစပ်လုပ်ငန်းဆိုင်ရာ နာမည်ကောင်းကို ဝယ်ယူသည့်ကိစ္စတွင် ဤပုဒ်မပ ါ မည်သည့်အချက်ကမျှ အစုစပ်လုပ်ငန်း အမည်ကို အသုံးပြုရန် ထိုသူ၏ အခွင့်အရေးကို မထိခိုက်စေရ။

**အချိန်မစေ့မီ ဖျက်သိမ်းရာ၌ ပရီမီယံကြေး ပြန်ပေးခြင်း**

၇၀။ အစုဝင်တစ်ဦးဦးသည် သတ်မှတ်ထားသည့် ကာလတစ်ခုအတွက် အစုစပ်လုပ်ငန်းသို့ ဝင်ရောက်လုပ်ဆောင်ရာတွင် ပရီမီယံကြေးကို ပေးခဲ့ရပါက အစုဝင်တစ်ဦး ကွယ်လွန်ခြင်းကြောင့် မဟုတ်ဘဲ အခြားအကြောင်းကြောင့် ထိုကာလ အပိုင်းအခြား မကုန်ဆုံးမီ ဖျက်သိမ်းသည့် ကိစ္စတွင်-

(က) ဖျက်သိမ်းခြင်း အဓိကအကြောင်းရင်းမှာ ယင်းကိုယ်တိုင် မလျော်ကန်သော ပြုလုပ်မှုကြောင့် မဟုတ်လျှင် သို့မဟုတ်

(ခ) ဖျက်သိမ်းခြင်းမှာ ပရီမီယံကြေးကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ ပြန်ပေးရန် မပါဝင်သည့် သဘောတူညီချက်နှင့်အညီ မဟုတ်လျှင် ယင်းအစုဝင်တစ်ဦး ဖြစ်လာခဲ့ သည့် စည်းကမ်းချက်များနှင့် အစုဝင်ဖြစ်ခဲ့သောကာလ အတိုင်းအတာတို့ကို ထောက်ရှု ၍ ယင်းသည် ပရီမီယံကြေးကိုဖြစ်စေ၊ သင့်လျော်ရာ အစိတ်အပိုင်းကို ဖြစ်စေ ပြန်လည် ရထိုက်စေရမည်။

**လိမ်လည်ခြင်းကြောင့်ဖြစ်စေ၊ အလွဲဖော်ပြခြင်းကြောင့်ဖြစ်စေ အစုစပ်လုပ်ကိုင်ခြင်း ပဋိညာဉ်ကို ဖျက်သိမ်းသည့် ကိစ္စတွင် အခွင့်အရေးများ**

၇၁။ အစုစပ်လုပ်ကိုင်ခြင်းကို ဖန်တီးသည့် ပဋိညာဉ်တစ်ခုခုကို အစုစပ်လုပ်ငန်းတွင် ပါဝင်သူ တစ်ဦးဦးက လိမ်လည်ခြင်းကြောင့်ဖြစ်စေ၊ အလွဲဖော်ပြခြင်းကြောင့်ဖြစ်စေ ပယ်ဖျက်သည့်ကိစ္စတွင် ပယ်ဖျက်ခွင့်ရသူသည် အခြားအခွင့်အရေးများကို မထိခိုက်စေဘဲ-

(က) အစုစပ်လုပ်ငန်းတွင် ဝေစုဝယ်ယူရာ၌ ယင်းပေးဆောင်သည့် ငွေအတွက်လည်းကောင်း၊ ယင်းပေးသွင်းပြီးဖြစ်သည့် မတည်ငွေရင်းအတွက် လည်းကောင်း အစုစပ်လုပ်ငန်း၏ ကြွေးမြီများကိုပေးဆပ်ပြီးနောက်ကျန်ရှိသည့်အဆိုပါအစုစပ်လုပ်ငန်း၏ငွေပို သို့မဟုတ် အပိုင်ပစ္စည်းများကို လက်ရှိထားပိုင်ခွင့် သို့မဟုတ် မပေးဘဲ ဆိုင်းငံ့ ထားခွင့်ရှိသည်။

(ခ) အစုစပ်လုပ်ငန်း၏ ကြွေးမြီများပေးဆပ်ရန်အတွက် ယင်းပေးဆောင်ထားသည့် ငွေနှင့် စပ်လျဉ်း၍ အစုစပ်လုပ်ငန်း၏ မြီရှင်တစ်ဦးအဖြစ် သတ်မှတ်ခံပိုင်ခွင့်ရှိသည်။ ထို့အပြင်

(ဂ) လိမ်လည်မှု သို့မဟုတ် အလွဲဖော်ပြမှု ကျူးလွန်သည့် အစုဝင် သို့မဟုတ် အစုဝင်များက အစုစပ်လုပ်ငန်း၏ ကြွေးမြီအားလုံးအတွက် လျော်ကြေးပေးခြင်းကို ခံယူထိုက်ခွင့် ရှိသည်။

**အစုစပ်လုပ်ငန်းအမည်၊ အစုစပ်လုပ်ငန်းပိုင်ပစ္စည်းကို အသုံးပြုခြင်းမှ တားမြစ်ရန် အခွင့်အရေး**

၇၂။(က) အစုစပ်လုပ်ငန်းတစ်ခုခုကို ဖျက်သိမ်းပြီးနောက် မည်သည့်အစုဝင် သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်မဆို အစုဝင်အချင်းချင်း ထားရှိသည့် ဆန့်ကျင်ကွဲလွဲသော ပဋိညာဉ်မရှိလျှင် အစုစပ်လုပ်ငန်း၏ အရေးကိစ္စများကို အပြီးအပြတ် ဖျက်သိမ်း ဖြေရှင်းပြီးသည်အထိ အခြား အစုဝင်တစ်ဦးဦးကိုဖြစ်စေ၊ ယင်း၏ကိုယ်စားလှယ်ကို ဖြစ်စေ၊ အစုစပ်လုပ်ငန်း၏ အမည်ဖြင့် အလားတူ လုပ်ငန်းမျိုးကို လုပ်ကိုင်ဆောင်ရွက်ခြင်းမှ သော်လည်းကောင်း ယင်း၏ အကျိုးအမြတ်အတွက် အစုစပ်လုပ်ငန်းပိုင်ပစ္စည်းများကို အသုံးပြုခြင်းမှ သော်လည်းကောင်း တားမြစ်နိုင်သည်။

(ခ) အစုဝင်တစ်ဦးကဖြစ်စေ၊ ယင်း၏ ကိုယ်စားလှယ်ကဖြစ်စေ အစုစပ်လုပ်ငန်း၏ နာမည်ကောင်းကို ဝယ်ယူသည့်ကိစ္စတွင် ဤပုဒ်မပါ မည်သည့်အချက်ကမျှ အစုစပ်လုပ်ငန်း အမည်ကို အသုံးပြုရန် ယင်း၏ အခွင့်အရေးကို မထိခိုက်စေရ။

**ကုန်သွယ်မှုမပြုရန် တားမြစ်သည့် သဘောတူညီချက်များ**

၇၃။ အစုဝင်တို့သည် အစုစပ်လုပ်ငန်းဖျက်သိမ်းသည့်အခါ သို့မဟုတ် မဖျက်သိမ်းမီ ယင်းတို့ အနက်အချို့ကသော်လည်းကောင်း၊ အားလုံးကသော်လည်းကောင်း သီးခြားဖော်ပြသည့် ကာလ

အပိုင်းအခြားအတွင်း သို့မဟုတ် သီးခြားဖော်ပြသည့် နယ်နိမိတ်အတွင်း အစုစပ်လုပ်ငန်းနှင့် အလားတူဖြစ်သည့် လုပ်ငန်းမျိုးကို လုပ်ကိုင်လိမ့်မည် မဟုတ်ကြောင်း သဘောတူညီချက် ပြုလုပ်နိုင်သည်။ယင်းသဘောတူညီချက်သည် ပဋိညာဉ်အက်ဥပဒေ ပုဒ်မ ၂၇ တွင် မည်သို့ပင်ပါရှိစေကာမူ ထားရှိသည့် တားမြစ်ချက်များမှာ သင့်လျော်လျှင် အဆိုပါ သဘောတူညီချက်သည် အတည်ဖြစ်စေရမည်။

**ဖျက်သိမ်းပြီးနောက် အစုစပ်လုပ်ငန်းဆိုင်ရာ နာမည်ကောင်းကို ရောင်းချခြင်း၊ဝယ်ယူသူနှင့် ရောင်းချသူတို့၏ အခွင့်အရေးနှင့် ကုန်သွယ်မှုမပြုရန်တားမြစ်သည့် သဘောတူညီချက်များ**

၇၄။(က) ဖျက်သိမ်းပြီးနောက် အစုစပ်လုပ်ငန်း၏ ငွေစာရင်းများ ရှင်းလင်းရာတွင် အစုဝင် အချင်းချင်းထားရှိသည့် ပဋိညာဉ်ကို အထောက်အထားပြု၍ အစုစပ်လုပ်ငန်းဆိုင်ရာ နာမည်ကောင်းသည် အစုစပ်လုပ်ငန်းပိုင် ပစ္စည်းများတွင် ပါဝင်စေရမည့်အပြင် ယင်းကို သီးခြားဖြစ်စေ၊ အစုစပ်လုပ်ငန်းပိုင် ပစ္စည်းများနှင့်အတူဖြစ်စေ ရောင်းချ နိုင်သည်။

(ခ) ဖျက်သိမ်းပြီးနောက် အစုစပ်လုပ်ငန်း၏ နာမည်ကောင်းကို ရောင်းချသည့် ကိစ္စတွင် အစုဝင်တစ်ဦးသည် ဝယ်သူ၏လုပ်ငန်းနှင့် အပြိုင် လုပ်ကိုင်နိုင်သည့်အပြင် အဆိုပါ လုပ်ငန်းကို ကြော်ငြာနိုင်သည်။ သို့ရာတွင် ယင်းနှင့်ဝယ်သူတို့ ထားရှိသည့် သဘောတူညီချက်ကို အထောက် အထားပြု၍ ထိုသူသည်-

(၁) အစုစပ်လုပ်ငန်းအမည်ကို အသုံးမပြုနိုင်၊

(၂) အစုစပ်လုပ်ငန်း၏အလုပ်ကိစ္စများကို လုပ်ကိုင်ဆောင်ရွက်နေသကဲ့သို့ မိမိကိုယ်ကို အခြားသူများ ထင်မှတ်စေရန် မပြုလုပ်နိုင် သို့မဟုတ်

(၃) အစုစပ်လုပ်ငန်း မဖျက်သိမ်းမီ ယင်းအစုစပ်လုပ်ငန်းနှင့် ဆက်ဆံလျက်ရှိသူများအား မိမိလုပ်ငန်းအတွက် သွေးဆောင်ခြင်း မပြုနိုင်။

(ဂ) အစုစပ်လုပ်ငန်းဆိုင်ရာ နာမည်ကောင်းကို ရောင်းချသည့်အခါ အစုဝင်တစ်ဦးသည် သီးခြားဖော်ပြသည့် ကာလအပိုင်းအခြားအတွင်း သို့မဟုတ် သီးခြားဖော်ပြသည့် နယ်နိမိတ်အတွင်း အစုစပ်လုပ်ငန်းနှင့် အလားတူဖြစ်သည့် လုပ်ငန်းများကို လုပ်ကိုင် လိမ့်မည် မဟုတ်ကြောင်း ဝယ်သူနှင့် သဘောတူညီချက် ပြုနိုင်သည့်အပြင် တည်ဆဲ ပဋိညာဉ် အက်ဥပဒေပုဒ်မ ၂၇ တွင် မည်သို့ပင် ပါရှိစေကာမူ ထားရှိသည့် တားမြစ်ချက် များမှာ သင့်မြတ်လျော်ကန်လျှင် အဆိုပါ သဘောတူညီချက်သည် အတည်ဖြစ်စေ ရမည်။

## အခန်း (၉)

## အထွေထွေ

### အများပြည်သူသိရှိစေရန် အကြောင်းကြားခြင်း နည်းလမ်း

၇၅။ ဤဥပဒေအရ အများပြည်သူများသိရှိနိုင်ရန် ကြေညာချက် ထုတ်ပြန်ရာတွင် မှတ်ပုံတင် အစုစပ်လုပ်ငန်း တစ်ရပ်တွင် အစုဝင်တစ်ဦး အနားပေးရန်အတွက် ထုတ်ပယ်ခြင်းနှင့်သက်ဆိုင်ခြင်း သို့မဟုတ် မှတ်ပုံတင် အစုစပ်လုပ်ငန်း တစ်ရပ်ကို ဖျက်သိမ်းခြင်း သို့မဟုတ် အရွယ်မရောက် သေးသူအား အစုစပ်လုပ်ငန်း၏ အကျိုးအမြတ် ခံစားနိုင်ရန် လက်ခံထားရာမှ အရွယ်ရောက်လာ သည့်အခါ အစုဝင်အဖြစ် လက်ခံရန် သို့မဟုတ် လက်မခံရန် ရွေးချယ်ခြင်းတို့ကို မှတ်ပုံတင်အရာရှိ ထံ ပုဒ်မ ၆၇ အရ အကြောင်းကြားစာပေးရာတွင် မြန်မာနိုင်ငံပြန်တမ်း နှင့် နိုင်ငံပိုင်နေ့စဉ်ထုတ် သတင်းစာ၌ ကြော်ငြာထည့်သွင်း၍ လုပ်ငန်းတည်ရှိရာနေရာ သို့မဟုတ် စီးပွားရေးလုပ်ငန်း အဓိကဆောင်ရွက်သည့် နေရာတို့ကို ထည့်သွင်း ဖော်ပြရမည်။

၇၆။ ဤဥပဒေတွင်ဖြစ်စေ၊ ဤဥပဒေအရ ပြုလုပ်သည့် ရုပ်သိမ်းခြင်း တစ်ရပ်ရပ်တွင်ဖြစ်စေ မည်သည့်အချက်ကမျှအောက်ဖော်ပြပါကိစ္စရပ်များအနက် တစ်ခုခုနှင့် မသက်ဆိုင်စေရ သို့မဟုတ် သက်ဆိုင်သည်ဟု မမှတ်ယူရ-

(က) ဤဥပဒေအသက်ဝင်သည့်နေ့ရက် မတိုင်မီ ရယူပြီးဖြစ်သည့် သို့မဟုတ် ဖြစ်ပေါ်ပြီး ဖြစ်သည့် သို့မဟုတ် ခံယူပြီး ဖြစ်သည့်အခွင့်အရေး၊ ပိုင်ဆိုင်ခွင့်၊ အကျိုးသက်ဆိုင်ခွင့် ဝတ္တရား သို့မဟုတ် တာဝန်တစ်ခုခု၊

(ခ) အဆိုပါ နေ့ရက် မတိုင်မီ အဆိုပါ အခွင့်အရေး၊ ပိုင်ဆိုင်ခွင့်၊ အကျိုး သက်ဆိုင်ခွင့်၊ ဝတ္တရား သို့မဟုတ် တာဝန်နှင့် ဖြစ်စေ ပြုလုပ်သည့် သို့မဟုတ် ထိခိုက်သည့် ပြုလုပ်မှု တစ်ခုခုနှင့် ဖြစ်စေ စပ်လျဉ်းသည့် တရားစွဲဆိုမှု သို့မဟုတ် တရားဥပဒေအရ သက်သာခွင့်တစ်ခုခု၊

(ဂ) အဆိုပါ နေ့ရက် မတိုင်မီ ပြုလုပ်သည့် သို့မဟုတ် ထိခိုက်သည့် ပြုလုပ်မှု တစ်ခုခု၊

(ဃ) အစုစပ်လုပ်ငန်းနှင့်စပ်လျဉ်းသည့် လူမွဲအဖြစ်ခံယူသည့် နည်းဥပဒေတစ်ခုခု ၊

(င) ဤဥပဒေနှင့်ညီညွတ်ခြင်းမရှိသော ဥပဒေမူသဘောတစ်ရပ်ရပ်။

၇၇။ မည်သူမဆို မမှန်မကန် ကြောင်းသိရှိသည့် သို့မဟုတ် မှန်ကန်သည်ဟု မယုံကြည်သော အကြောင်းအရာများပါရှိသည့် သို့မဟုတ် မပြည့်စုံကြောင်း သိရှိသည့် သို့မဟုတ် ပြည့်စုံသည်ဟု မယုံကြည်သောအကြောင်း အရာများပါရှိသည့် ဤအခန်းအရ ဖော်ပြချက် သို့မဟုတ် ပြင်ဆင်

ထားသော ဖော်ပြချက် သို့မဟုတ် အကြောင်းကြားစာ သို့မဟုတ် ကြိုတင်အသိပေးစာကို လက်မှတ်ရေးထိုးလျှင် ထိုသူတစ်ဦးစီသည် ဒဏ်ကြေးငွေ ကျပ် တစ်သိန်းစီ ပေးဆောင်စေရမည်။

၇၈။(က) ဤဥပဒေအရဖြစ်စေ၊အခြားသော သက်ဆိုင်ရာ ဥပဒေအရဖြစ်စေ ရရှိထားသည့် အခွင့်အာဏာ သို့မဟုတ် ယင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကန့်သတ်တားမြစ်ထားခြင်း မရှိစေဘဲ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေအား အကောင် အထည်ဖော်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် အတည်ပြုဆောင်ရွက်ခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် အတွက် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် သတ်မှတ်ပုံစံများကို ထုတ်ပြန်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ပြုလုပ်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များ အားလုံးကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး ထိုသို့ဖော်ပြပြီးသည့်အခါ ဤဥပဒေတွင်ထည့်သွင်း ပြဋ္ဌာန်းပြီးသကဲ့သို့ အကျိုးသက်ရောက် စေရမည်။

၇၉။(က) The Partnership Act (India Act 9,1932, Vol.IX) (၁၉၃၂ ခုနှစ် အစုစပ်လုပ်ငန်းအက်ဥပဒေ) ဤဥပဒေ စတင်အာဏာတည်သည့်နေ့တွင် ရုပ်သိမ်းပြီး ဖြစ်စေရမည်။

(ခ ) ၁၉၃၂ ခုနှစ် အစုစပ်လုပ်ငန်းအက်ဥပဒေအားပယ်ဖျက်ပြီးနောက်ပိုင်းတွင် ထိုဥပဒေအရ ဆောင်ရွက်ပြီးသည့်ကိစ္စရပ်များ သို့မဟုတ် ဆောင်ရွက်ဆဲကိစ္စရပ်များသည် ယင်း၏ ထပ်မံပြဋ္ဌာန်းချက်များ အရလည်းကောင်း ဤဥပဒေအရ ဆောင်ရွက်ပြီး သို့မဟုတ် ဆောင်ရွက်ဆဲကိစ္စရပ်များ ဖြစ်သည်ဟု သတ်မှတ်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)ဝင်းမြင့်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်